မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းကထူထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်၊ ၂၀၀၈ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ သောကြာနေ့၊ အတွဲ(၄၇)၊ အမှတ်(၃၅၀)

ကတညုတာ ကတဝေဒိတာ စ - ဧတံ မင်္ဂလ မုတ္တမံ

သူ့ကျေးဇူးကို သိခြင်းသည် မြတ်သော မင်္ဂလာမည်၏။

တိုက်နယ် ဆေးရုံသစ်

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်နှင့် ဝန်ကြီးများ ပေါင်းလောင်းနယ်မြေ(၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်အတွင်း ကြည့်ရှုစစ်ဆေးကြစဉ်။

(သတင်းစဉ်)

နေပြည်တော်ပျဉ်းမနား ခါမကျေးရွာ၌ ပေါင်းလောင်းနယ်မြေ တိုက်နယ်ဆေးရုံသစ် ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၁၈

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဦးဆောင်စီစဉ်မှုဖြင့် ရေအားလျှပ်စစ်တည်ဆောက်ရေးစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသော ရွှေတောင်အုပ်စု၊ အေးရှားဝေါလ်ကုမ္ပဏီနှင့် မြန်ရွှေပြည်ကုမ္ပဏီတို့ ပူးပေါင်းဆောက်လုပ်လှူဒါန်းသည့် ပေါင်းလောင်းနယ်မြေ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ပျဉ်းမနား ကျည်တောင်ကန်ကျေးရွာအုပ်စု ခါမကျေးရွာရှိ အဆိုပါတိုက်နယ်ဆေးရုံသစ် မျက်နှာစာ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါတိုက်နယ်ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရွှေတောင်အုပ်စု၊ အေးရှားဝေါလ်ကုမ္ပဏီ၊ မြန်ရွှေပြည်ကုမ္ပဏီတို့မှ ကုမ္ပဏီဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ဦးသိန်းဆွေက တိုက်နယ်ဆေးရုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ယနေ့ပြည်သူတွေဟာ တည်ဆဲအစိုးရအပေါ် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ဆောင်ကြဉ်းပေးနိုင်တဲ့ အစိုးရ၊ နိုင်ငံနဲ့လူမျိုးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းစွမ်းဆောင်ပေးနေတဲ့အစိုးရ၊ ပြည်သူလိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ကို လှမ်းကိုင်နိုင်အောင် ဦးဆောင်ချီတက်ပုံဖော်ပေးနေတဲ့ အစိုးရအဖြစ် ယုံကြည်ထောက်ခံ အားပေးနေကြတာပါ။ ဒါကြောင့် တည်ဆဲအစိုးရရဲ့ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှုမှာ အရေးအပါဆုံးအဆင့်ဖြစ်တဲ့ အဆင့်(၄) ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေးလုပ်ငန်းစဉ်မှာ အပြည့်အဝ ပူးပေါင်းပါဝင်ထောက်ခံ အတည်ပြုပေးခဲ့ကြတာ သက်သေပါပဲ။

ကျော်ရဲမင်း၏ ဆောင်းပါး စာ ၆ နှင့် ၇ တွင် ဖတ်ရှုနိုင်ပါသည်။

ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ပန်းပညာရှင်များ အစည်းအရုံး(ဗဟို) အနုပညာပြခန်း၌ ပြသထားသောပန်းချီပြပွဲတွင် ခင်းကျင်းပြထားသည့် 'အိုးများ' အမည်ရှိ ပန်းချီကားမှာ အလင်းအမှောင်တို့ဖြင့် အသက်ဝင်လှသည်။

မိုးမြင့်လင်းလက်၏ သတင်းဆောင်းပါး စာ - ၇

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် စက်တင်ဘာ ၁၉ ရက်)

အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ အနုပညာစွမ်းပကားဖြင့် ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်

နိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်ပေါ် အခြေခံပြီး မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားလာစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ ရေရှည်တည်တံ့ထိန်းသိမ်းထားနိုင်ရေးအတွက် ၁၉၉၃ခုနှစ်မှ စတင်ကျင်းပခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသည် (၁၆)ကြိမ်တိုင်တော့မည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးအတွက်သာမက ရိုးရာယဉ်ကျေးမှု အမွေအနှစ် ရှင်သန်ထွန်းကားရေးကို ပိုမိုမြှင့်တင်ခြင်းလည်းဖြစ်သည်။

အမျိုးသားယဉ်ကျေးမှုသည် မိမိနိုင်ငံ မိမိလူမျိုး သီးသန့်ပိုင်ဆိုင်ထားသည့် အမျိုးသားဂုဏ်ရည်များကို ကိုယ်စားဖော်ညွှန်းပြဆိုနေသော အမျိုးသားရေးသင်္ကေတတစ်ခုဖြစ်သကဲ့သို့ နိုင်ငံနှင့်လူမျိုး၏ ကိုယ်ပိုင်အမျိုးသားရေး ဥပမိရုပ်လက္ခဏာတစ်ရပ်လည်းဖြစ်သည်။

ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုအဆောက်အအုံကို သီးသန့်ပိုင်ဆိုင်ခြင်းသည် နိုင်ငံနှင့်လူမျိုး၏ အတိတ်သမိုင်းခမ်းနားထည်ဝါမှုကို ဖော်ညွှန်းသည့် ဂုဏ်ဒြပ်ပင်ဖြစ်သည်။

မြန်မာတိုင်းရင်းသားတို့သည် အမျိုးသားယဉ်ကျေးမှုကို ရှေးစဉ်လာမပျက် ခိုင်ကျည်မြဲမြံတည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းသည် အမျိုးကိုချစ်သည့်စိတ်နှင့် အမျိုးနွယ်ကိုစောင့်ထိန်းသည့်စွမ်းအား ကြီးမားခဲ့၍ဖြစ်ပေသည်။

အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက်မှု စွမ်းအားများကို ရိုးရာအစဉ်အလာမပျက် ဆင့်ပွားတိုးတက်စေပြီး လက်ဆင့်ကမ်း လွှဲပြောင်းနိုင်စေရန် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကတစ်ဆင့် ကြိုးပမ်းဖော်ဆောင်နေခြင်းဖြစ်သည်။

သို့ဖြစ်ပေရာ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ခြင်းအားဖြင့် မြန်မာလူမျိုးတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ၊ အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများနှင့် လူမှုတန်ဖိုးစွမ်းအား ပိုမိုခိုင်မာစေရန် အနုပညာစွမ်းပကားဖြင့် ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၉-၂၀၀၈ (သောကြာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**မသေရာနိဗ္ဗာန်ရဖို့ ဝိဇ္ဇာဉာဏ်ရရမည်** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇:၅၅-၁:၅၅	ရတနာစစ်တို့ရဲ့ ဘူမိနက်သန်
၈:၂၀-၂:၂၀	တေးဂီတအစီအစဉ်
၈:၂၅-၂:၂၅	VJ Choice
၈:၄၅-၂:၄၅	L.V နည်းပညာဖြင့် ဘိလပ်မြေစက်ရုံစွမ်းအားကို မြှင့်တင်မည့်အစီအစဉ်
၉:၀၀-၃:၀၀	တေးဂီတအစီအစဉ်
၉:၀၅-၃:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅-၃:၁၅	Art Vision (ဂုန်လျှော်ဖျင်စနှင့် ဖောင်းကြွပန်းချီ)
၉:၃၅-၃:၃၅	ရသစုံစွာ တေးအလင်္ကာ
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၁၀:၁၀-၄:၁၀	မိုးလေဝသခန့်မှန်းချက်
၁၀:၁၅-၄:၁၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ် နှင့် ဆွေးနွေးခန်း)
၁၀:၄၀-၄:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀-၄:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅-၄:၅၅	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၁:၂၀-၅:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅-၅:၂၅	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (သဘော်အကြွပ် ယိုမုန့်လုပ်နည်း)
၁၁:၃၅-၅:၃၅	The Race Of Dragon Boats
၁၂:၂၀-၆:၂၀	တေးဂီတအစီအစဉ်
၁၂:၂၅-၆:၂၅	စွဲမက်ဖွယ်ရာ ရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၁)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

မြဝတီ ရုပ်မြင်သံကြား

၁၉-၉-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၁၅	၄။	မဟာဂီတချိုကြည်မြ
၄:၂၀	၅။	မျိုးချစ်တပ်မတော်
၄:၃၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀	၈။	မြန်မာစာမြန်မာစကား
၅:၃၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံမဏိစိတ်ဓာတ်** (အပိုင်း-၆)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	စိုက်ပျိုးသုတ
	၂၀။	သာယာသီကြွေး ခေတ်ဆန်းတေး
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီးရဲ့ဖူးစာ** (အပိုင်း-၇)

ဝန်ကြီး ဦးအောင်သောင်း စက်ရုံအလုပ်ရုံများ ကြည့်ရှုစစ်ဆေး ဈေးကွက်ဝင်ပစ္စည်းများ တိုးတက်ထုတ်လုပ်ရန်မှာကြား

နေပြည်တော် စက်တင်ဘာ ၁၈

မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော မြေစိုက်ပိုစတာဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ရက် နံနက် ၇နာရီခွဲက မြင်းခြံမြို့၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်ချီးမြှင့်ပြီး မြေစိုက်ပိုစတာကို ၂၀၀၇-၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ရဲရင့်ကျော်က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အမှာစကားပြောကြား

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် မြင်းခြံမြို့ မဏိကဥ္စနာခန်းမ၌ ကျင်းပသော မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈) အခမ်းအနားသို့တက်ရောက်၍ အမှာစကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။ ထိုမှတစ်ဆင့် ဝန်ကြီးသည် မြင်းခြံမြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ(မြင်းခြံ)နှင့် ဝါကြိတ်စက်ရုံ(တောင်သာ)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တိုက်နယ်ဆေးရုံ

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ရုံးစည်ကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာန တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး ဆေးရုံအတွက် သွပ်အမိုးပြား အချပ် ၄၀၀နှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဝန်ကြီးသည် ဝင်းသူဇာအရောင်းဆိုင်(မိတ္ထီလာ)ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြေအောက်ဆားငန်ရေသုံးစွဲ၍ ဆားထုတ်လုပ်လျက်ရှိသော ပျော်ဘွယ်မြို့နယ် ဆားတောင်ရွာရှိ ကွန်ကရစ် ဆားလှန်းကွင်းများကို ကြည့်ရှုစစ်ဆေးသည်။

တိုးတက်ထုတ်လုပ်

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆပ်ပြာစက်ရုံ(ရမည်းသင်း)နှင့် မြန်မာ့အထည်အလိပ်လုပ်ငန်း ဆေးဆိုးပန်းရိုက်စက်ရုံ(ရမည်းသင်း)တို့ကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ဈေးကွက်ဝင် ပစ္စည်းများ တိုးတက်ထုတ်လုပ်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂ ရက်က မူဆယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ချယ်ရီက အမှာစကားပြောကြားသည်။

ပညာပေးဟောပြော

ယင်းနောက် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်လှိုင်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို လည်းကောင်း၊ မူဆယ်ခရိုင်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအထူးအဖွဲ့မှ ဒုတိယရဲမှူး မိမိဦးက လူမှောင်ခို လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း အသိပညာပေး ဟောပြောကြပြီး မူဆယ်မြို့နယ်ပညာရေးမှူး ဒေါ်ဂျဲနက်နန်ပရီက သက်ငယ်အဖွဲ့ဝင် အဆိုပြုလွှာအစောင် ၅၀၀ ကို နာယက ဒေါ်ချယ်ရီထံ ပေးအပ်သည်။

(ဝဲအောက်ပုံ)

အထွေထွေစကားဝိုင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့သည် စက်တင်ဘာ ၃ ရက်တွင် မူဆယ်မြို့နယ် ဈေးရပ်ကွက် လူငယ်ဇရပ်၌ ဒေသခံတိုင်းရင်းသူများ၊ အဖွဲ့ဝင်များနှင့် အထွေထွေစကားဝိုင်းပြုလုပ်၍ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာများ၊ လူမှောင်ခို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာများနှင့် ကျန်းမာရေး အသိပညာများကို ပညာပေးဆွေးနွေးကြပြီး မူဆယ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက အဖွဲ့ဝင်အဆိုပြုလွှာ အစောင် ၁၀၀၀ ကို နာယက ဒေါ်ချယ်ရီထံ ပေးအပ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဂုဏ်ပြုမှတ်တမ်းလွှာ

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်က အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းအား အစမ်းခန့်ကာလ(၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ဝန်ကြီးဦးဉာဏ်ဝင်း ကုလသမဂ္ဂအထွေထွေ ညီလာခံတက်ရောက်ရန် နယူးယောက်မြို့သို့ ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၁၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပလျက်ရှိသော (၆၃)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံသို့တက်ရောက်ရန် ယနေ့တွင် လေကြောင်းခရီးဖြင့် နယူးယောက်မြို့သို့ ထွက်ခွာသွားသည်။

ဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးတို့ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

မြန်မာဘောလုံးအားကစား တိုးတက်ရေးဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာဘောလုံးအားကစား တိုးတက်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ၂နာရီက ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ မြန်မာလိဂ် ဘောလုံးပြိုင်ပွဲအတွက် ပံ့ပိုးကူညီသူ လုပ်ငန်းရှင်များ၊ မြန်မာလိဂ် အဆင့်မြင့်တန်းအသင်းများမှ တာဝန်ရှိသူများ၊ စာနယ်ဇင်းမီဒီယာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

လှူဒါန်း

အခမ်းအနားတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ် ဘောလုံးပြိုင်ပွဲအတွက် I.B.T.C Co., Ltd. မှ ကျပ်သိန်း ၅၀၀၊ Myanmar CP Livestock Co., Ltd. မှ ကျပ်သိန်း ၁၀၀၊ Canon Co., Ltd. မှ ကျပ်သိန်း ၅၀၊ United Mercury Group Co., Ltd. မှ ကျပ်သိန်း၅၀၊ M.D.G Co., Ltd. မှ ကျပ်သိန်း ၅၀၊ Khin Maung Nyunt Trading Co.,Ltd. မှ ကျပ်သိန်း ၃၀ တို့ကို လှူဒါန်းခဲ့ကြသည့် ပံ့ပိုးကူညီသူများအား အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ ရှေ့ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် အမှုဆောင်များက ရှင်းလင်းပြောကြားသည်။

ဆွေးနွေး

ဆက်လက်၍ တက်ရောက်လာကြသည့်စာနယ်ဇင်းများက သိရှိလိုသည်များကို မေးမြန်းကြရာ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပြန်လည်ပြောကြားကြသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က မြန်မာ ဘောလုံးအားကစားတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၁၉-၉-၂၀၀၈ရက်
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၂။ ယောဆရာတော်ကြီး၏ ဥပ္ပာတသန္တိပါဠိတော်
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အကပြိုင်ပွဲ
၇:၅၀ ၅။ တေးဂီတ အစီအစဉ်
၈:၀၀ ၆။ မြန်မာစာ၊ မြန်မာစကား
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၂၀ ၈။ **ကျွမ်းတိုင်း မကြမ်းနဲ့** လျှမ်းထက်၊သတ္တိ၊ ဖြိုးမောင်မောင်၊ သဇင်၊ နန်းဆုရတီစိုး၊ စုချစ်မော် (ဒါရိုက်တာ -ဇော်လူထက်)
၈:၂၅ ၉။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး) (အခြေခံပညာ ၅-၁၀ နှစ်) (အမျိုးသား)**
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ နှောင်းခေတ်တေးပဒေသာ
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ တေးသံသာ
၄:၂၀ ၃။ တေးဂီတ အစီအစဉ်
၄:၃၅ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄:၄၅ ၅။ အဆိုပြိုင်ပွဲ
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၇။ အတီးပြိုင်ပွဲ
၅:၂၀ ၈။ **တောမြိုင်စွန်းမှ လွမ်းမျက်ရည်** ရဲအောင်၊ လူမုန်း၊ သူထူးစံ မေသဥ္ဇာဦး၊ ထူးသာ၊ ဝွမ်းပုံကြီး (ဒါရိုက်တာ- အကယ်ဒမီပန်းချီစိုးမိုး)
၅:၃၀ ၉။ တေးဂီတအစီအစဉ်
၅:၄၅ ၁၀။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး) (အခြေခံပညာ ၅-၁၀နှစ်) (အမျိုးသမီး)**
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသ အခြေအနေ
၆:၃၅ ၁၃။ သုတစုံလင် ရွှေဉာဏ်ရှင်
၇:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှုန်တိုင်း**(အပိုင်း-၁၀)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာ သတင်းများ
၁၇။ မိုးလေဝသ အခြေအနေ
၁၈။ တေးဂီတအစီအစဉ်
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၃၀)
၂၀။ အစီအစဉ်ပြီး၏။

ကောင်းသောစိတ်သည်သာလျှင် ချမ်းသာသုခကို ပေးစွမ်းနိုင်၏

လောကီ၊ လောကုတ္တရာ နှစ်ဖြာသော သုခချမ်းသာ မျိုးကို မိခင်သည်လည်း မပေးနိုင်၊ ဖခင်သည်လည်း မပေးနိုင်၊ ဆွေမျိုးတို့သည်လည်း မပေးနိုင်။

ကောင်းစွာစောင့်ရှောက် ဆောက်တည်အပ်သော စိတ်သည်သာလျှင် မိဘ၊ ဆွေမျိုးတို့ထက် ပိုမို၍ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်၏။

(ဓမ္မပဒ - ၄၃)

နီကွန် ကင်မရာအသစ်များ မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

Nikon Singapore Pte.,Ltd. နှင့် Special Style Photo & Electronics တို့ ပူးပေါင်းကျင်းပသော D90 နှင့် D700 ကင်မရာအသစ်များ မိတ်ဆက် ရှင်းလင်းပွဲကို ယနေ့တွင် ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပရာ အခမ်းအနားတွင် Special Style Photo & Electronics မှ Managing Director ဦးမောင်မောင်ဝင်း အဖွင့် အမှာစကား ပြောကြားပြီး Nikon Singapore မှ Mr. Numako က Nikon Corporation မှ နောက်ဆုံးအသစ်ထုတ်လုပ်ထားသည့် D90 နှင့် D700 Nikon Digital SLR Camera များကို မြန်မာပြည်ဈေးကွက်သို့ မိတ်ဆက်ပေးသည့် အခမ်းအနားဖြစ်ကြောင်း ပြောကြားသည်။

သရုပ်ပြရှင်းလင်း

ထို့နောက် Nikon Asia Technical Office မှ Mr. Guo Zhiwei **(အပေါ်ပုံ)**က D90 ကင်မရာများသည် D300 နည်းတူ High Performance ထည့်သွင်း အသုံးပြုထားပြီး DSLR များတွင် World First Movie Function ပါဝင်သော ကင်မရာဖြစ်ကာ 12.3 Megapixel ရှိ DX Format CMOS Image Sensor Camera များဖြစ်ကြောင်း၊ ISO 200 မှ 3200 အထိ ရှိကြောင်း၊ LCD Screen 3 inch ရှိပြီး Liveview ပါဝင်ကြောင်း၊ 4.5 fps အထိ တစ်ဆက်တည်းရိုက်နိုင်ပြီး Active D Lighting ပါဝင်ကြောင်းနှင့် D700 ကင်မရာများသည် 12.1megapixel ရှိ FX Format CMOS Sensor Camera များဖြစ်ကြောင်း၊ ISO 200 မှ 6400 အထိရှိပြီး၊ LCD Screen 3 inch ရှိပြီး Liveview ပါဝင်ကြောင်း၊ Expeed DX Processor အသုံးပြုပြီး 14 bit နှင့် A/D Convert လုပ်ပေးကြောင်း၊ 8 fps အထိ ပုံ 100 ခန့်ကို တစ်ဆက်တည်းရိုက်နိုင်ပြီး Selfcleaning Sensor Unit ပါဝင်ကြောင်း သရုပ်ပြရှင်းလင်းပြောကြားသည်။

အစစ်အမှန်

Nikon Corporation ၏ မြန်မာပြည်အတွက် တစ်ဦးတည်း ဖြန့်ချိရေး ကိုယ်စားလှယ်ဖြစ်သော Special Style Photo & Electronics မှ ဝယ်ယူသော ကင်မရာတိုင်းအတွက် တစ်နှစ်အာမခံဖြင့် ရောင်းချပေးနေပြီး ကင်မရာဘူးခွံများ ပေါ်တွင် အာမခံ Sticker နှင့် ဘူးထဲတွင် Warranty ကတ်ပြားများပါရှိမှသာ ကုမ္ပဏီပစ္စည်း အစစ်အမှန်ဖြစ်ကြောင်း၊ Nikon အမျိုးအစား Nikon DSLR Camera နှင့် အပျော်တမ်းရိုက် Coolpix Digital Camera များကို Special Style Photo & Electronics (အရောင်းပြခန်းနှင့် ဝန်ဆောင်မှုဌာန) အမှတ်၁၈၄-၁၉၂ အခန်း(ဘီ-၁) နှင်းဆီကွန်ဒို ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့တွင် ဝယ်ယူရရှိနိုင်ပြီး ဖုန်း-၂၀၀၁၃၈၊ ၀၉-၅၁-၄၄၈၄၇ တို့ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့၌ မုတ်သုံလေအားအသင့်အတင့်ရှိ

ရန်ကုန် စက်တင်ဘာ ၁၈

စက်တင်ဘာ ၁၇ရက်က ကမ္ဘာ့နိုင်ငံများ၏ မိုးလေဝသအခြေအနေကိုလေ့လာကြည့်ပါက အမေရိကန် ချီကာဂိုမြို့ဝန်းကျင်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်၍ နေအိမ်များနစ်မြုပ်ခြင်း၊ နီပေါနိုင်ငံ ခတ္တမန္ဒုမြောက်ဘက်ကျေးရွာ၌ မြေပြိုမှုဖြစ်၍ လူများသေဆုံးရခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

စက်တင်ဘာ ၁၈ ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသ အခြေအနေကို လေ့လာကြည့်ပါက ရှမ်းပြည်နယ်တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာခဲ့သည်။ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာသွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

စက်တင်ဘာ ၁၈ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ဖောင်းတူ	၂ ဒသမ ၄၄ လက်မ
စစ်တွေ	၂ ဒသမ ၀၁ လက်မ
ပဲခူး	၁ ဒသမ ၈၉ လက်မ
ကလေး	၁ ဒသမ ၈၅ လက်မ
ပူတာအို	၁ ဒသမ ၅၈ လက်မ

စက်တင်ဘာ ၁၉ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ မိုးလေဝသအခြေအနေကိုခန့်မှန်းရပါက မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာနိုင်သည်။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲမိုးရွာနိုင်ပြီး ကျန်ဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စက်တင်ဘာ ၁၉ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မုတ်သုံလေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ॥

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ထုတ်ပြန်ချက်

■ *ကျောဖုံးမှ*

မှာကြား

ထို့နောက် ဝန်ကြီးသည် ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ ဇင်းရွာပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာများအား လမ်းပြုပြင်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် အဆိုပါလမ်းပေါ်ရှိ ဇော်ချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး တံတားလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် စက်တင်ဘာ ၁၄ ရက်က ရွှေဘို-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ် (၁၂၁/၃)၌ တာဝန်ခံအင်ဂျင်နီယာများအား လမ်းတံတားလုပ်ငန်းများကို သတ်မှတ်လမ်းအင်္ဂါရပ်နှင့်အညီ စနစ်တကျဆောင်ရွက်ရန် မှာကြားပြီး အဆိုပါလမ်းပေါ်ရှိ ကွင်းချောင်းတံတားတည်ဆောက်မည့် လျာထားနေရာအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက တံတားအူကြောင်းများအလိုက် ချောင်းအကျယ်၊ ရေသွားလမ်းကြောင်း အခြေအနေတို့ကို တိတိကျကျ တိုင်းတာတွက်ချက်ရန် မှာကြားပြီး ရွှေဘို-မြစ်ကြီးနားလမ်း တစ်လျှောက် လမ်းတံတားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ဖြတ်ပြီး စစ်သွေးကြွများအားတိုက်ခိုက်မှု ပါကစ္စတန်ခေါင်းဆောင်များ ကန့်ကွက်

လန်ဒန် စက်တင်ဘာ ၁၈

အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် နယ်စပ်ကိုဖြတ်ကျော်ပြီး ပါကစ္စတန်နိုင်ငံအတွင်းမှ စစ်သွေးကြွများကို နောက်ထပ်ဝင်ရောက်တိုက်ခိုက်လိမ့်မည်ဟု မယုံကြည်ကြောင်း ပါကစ္စတန်သမ္မတသစ် အလီဇာဒါရီက စက်တင်ဘာ ၁၆ရက်တွင် ပြောကြားလိုက်သည်။

ပစ်ခွင့်ပြုမပြု

အမေရိကန်တပ်ဖွဲ့ဝင်များက နယ်စပ်ဖြတ်ကျော် စီးနင်းတိုက်ခိုက်လာလျှင် ၎င်းတို့ကို ပါကစ္စတန်တပ်ဖွဲ့ဝင်များအား ပစ်ခွင့်ပြုမပြု မေးမြန်းရာတွင် ပါကစ္စတန်သမ္မတသစ် အလီဇာဒါရီက လန်ဒန်မြို့၌ အထက်ပါအတိုင်း သတင်းထောက်များအား ပြောကြားလိုက်သည်။

ဒုံးကျည်ဖြင့်ပစ်ခတ်

နယ်စပ်ဖြတ်ကျော်ပြီး ပုန်းအောင်းသည့် စစ်သွေးကြွများအပေါ် မချင့်မရဲဖြစ်ကာ အမေရိကန်ကွန်မန်ဒိုတပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်ခြင်း၊ လူမပါသည့် လေယာဉ်များက ဒုံးကျည်ဖြင့်ပစ်ခတ်ခြင်းများ မကြာမီကာလက ပြုလုပ်ခဲ့သဖြင့် ပါကစ္စတန်ခေါင်းဆောင်များက ကန့်ကွက်ခဲ့ကြသည်။

အမ်အင်န်အေ၊ရိုက်တာ

ဂျီ-၃၇ အမျိုးအစားမော်တော်ကား

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ နစ်ဆန်းမော်တော်ကား အရောင်းပြခန်း၌ အရောင်းမြှင့်တင်ရေး ဝန်ထမ်းများက ဒီဇိုင်းသစ် ဂျီ-၃၇ အမျိုးအစားမော်တော်ကားအား ပြသထားသည်ကို စက်တင်ဘာ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံတောင်ပိုင်း၌ အမေရိကန်စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားသည်ကို စက်တင်ဘာ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘင်္ဂလားဒေ့ရှ်တွင် မိုဘိုင်းလ်ဖုန်းငှားသုံးသူ ယခုနှစ်ဩဂုတ်လအတွင်း ကျဆင်းခဲ့

ဒါကာ စက်တင်ဘာ ၁၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယခုနှစ် ဩဂုတ်လအတွင်း မိုဘိုင်းလ်ဖုန်းအသစ်များ ငှားရမ်းအသုံးပြုသူဦးရေမှာ ဇူလိုင်လကနှင့် နှိုင်းယှဉ်လျှင် သန်းဝက် ကျဆင်းသွားကြောင်း၊ ယခုကဲ့သို့ ကျဆင်းခြင်းသည် ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်းစာရင်းအင်း ဌာနမှ အရာရှိများက စက်တင်ဘာ ၁၈ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

မိုဘိုင်းလ်ဖုန်းကုမ္ပဏီခြောက်ခုသည် ယခုနှစ် ဇူလိုင်လအတွင်းက ဖုန်းငှားရမ်းအသုံးပြုသူ ၁၁သမ၁သန်း ဖောက်သည် ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ခြောက်သိန်းသာ ရရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် တယ်လီဖုန်း ဆက်သွယ်ရေး အာဏာပိုင်အဖွဲ့(ဘီတီအာရ်စီ)၏ စာရင်းအင်းဌာနက စက်တင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

နောက်ဆုံးစာရင်းအင်းများအရ ယခုနှစ် ဩဂုတ်လအတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိုဘိုင်းလ်ဖုန်းငှားရမ်းအသုံးပြုသူဦးရေမှာ ၄၅ဒသမ၄သန်းသာ ရှိကြောင်း သိရသည်။ **(အင်တာနက်)**

အင်ဒိုနီးရှား၏ စီးပွားရေးတိုးတက်မှု ခန့်မှန်းထားသည်ထက် လျော့ကျလျက်ရှိ

ဂျကာတာ စက်တင်ဘာ ၁၈

အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ် အတွင်း စီးပွားရေး တိုးတက်မှု ၆ဒသမ၂ ရာခိုင်နှုန်း ထပ်မံမြင့်တက်ရန် အာရှဖွံ့ဖြိုးတိုးတက်မှုဘဏ် (အေဒီဘီ)က ကြိုတင်ခန့်မှန်းထားရှိကြောင်း စက်တင်ဘာ ၁၇ ရက်တွင် ဒေသဆိုင်ရာမီဒီယာက သတင်းထုတ်ပြန်သည်။

လုပ်ငန်းပမာဏ

သို့ဖြစ်ရာ ပထမနှစ်ဝက် အတွင်း စီးပွားရေးကဏ္ဍအနေဖြင့် ၆ဒသမ၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ဒုတိယနှစ်ဝက်၌ ၆ရာခိုင်နှုန်းသို့လျော့ကျလာကြောင်း၊ ၎င်းနိုင်ငံအနေဖြင့် ယခုတစ်နှစ်တာ ကာလပတ်လုံး စီးပွားရေးလုပ်ငန်း ပမာဏ ၁၀ဒသမ၂ရာခိုင်နှုန်းသာ ရရှိနိုင်မည် ဖြစ်ကြောင်း အာရှဖွံ့ဖြိုးတိုးတက်မှုဘဏ်မှ ပြောကြားသည်။

ရင်းနှီးမြှုပ်နှံ

လာမည့်နှစ်အတွင်း စီးပွားရေးကုန်ထုတ်လုပ်မှု လျော့ကျမသွားစေရေးအတွက် ၎င်း နိုင်ငံအစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးဆိုင်ရာ ထိန်းချုပ်ရေးမူဝါဒများ ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ၌ ယခင်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၃၅ဘီလီယံ ရရှိခဲ့ရာ ယခုနှစ်အတွင်း ကုန်ထုတ်လုပ်မှု၌ နိုင်ငံတကာမှ ဝယ်လိုအားကျဆင်းပြီး ပြည်ပတင်ပို့မှု လျော့ကျသဖြင့် အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံသာရရှိကြောင်း စီးပွားရေးဝန်ကြီးဌာနက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်တောင်ပိုင်း၌ စစ်ရဟတ်ယာဉ်ပျက်ကျ အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၈

အီရတ်နိုင်ငံတောင်ပိုင်းတွင် စက်တင်ဘာ ၁၈ရက် နံနက်စောစောပိုင်းက အမေရိကန် စစ်ဘက်သုံးချီနွတ်ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ပျက်ကျ

အဆိုပါ ချီနွတ် စီအိတ်ချ်-၄၇ ရဟတ်ယာဉ်မှာ ဘာဆာရာမြို့ မြောက်ဘက် မိုင်၆၀အကွာ၌ ဆင်းသက်ရန်ကြိုးပမ်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

ပျောက်ဆုံး

သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး၏ အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီး ကျန်တပ်ဖွဲ့ဝင်နှစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း၊ အသေးစိတ်အချက်အလက်များကို အမေရိကန်စစ်ဘက်က ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

စုံစမ်းစစ်ဆေး

ယင်းရဟတ်ယာဉ် ပျက်ကျမှုနှင့်စပ်လျဉ်း၍ အမေရိကန်စစ်ဘက်မှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်းလည်း ယင်းသတင်း၌ ပါရှိသည်။

စက်တင်ဘာ ၁၇ရက်ကလည်း တိုက်ပွဲမဟုတ်သည့် ဖြစ်စဉ်တစ်ခု၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အာဖဂန်၌ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ယခုနှစ်အတွင်း ဒေသခံပြည်သူ ၁၄၄၅ ဦး သေဆုံးခဲ့

ကဘူးလ် စက်တင်ဘာ ၁၈

အာဖဂန်နစ္စတန်နိုင်ငံ အန်ဒါဒေသ၌ စက်တင်ဘာ၁၇ရက်တွင် တိုက်ပွဲဖြစ်ပွားရာ အမေရိကန်ဦးဆောင်သောညွန့်ပေါင်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးကြောင်း ယင်းတိုက်ပွဲအတွင်း တာလီဘန်စစ်သွေးကြွများဟု သံသယရှိသူနှစ်ဦးအား ဖမ်းဆီးလျက်ရှိကြောင်း စစ်ဘက်ဆိုင်ရာ ကြေညာချက်၌ ဖော်ပြသည်။

ပစ်မှတ်ထားတိုက်ခိုက်

ယင်းဖြစ်ပွားမှုသည် အကြမ်းဖက်သမားများက အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်အား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာမှ အရပ်သားအချို့ ဒဏ်ရာရရှိမှု ဖြစ်ပွားခဲ့သည်။

ယခုနှစ် ဒေသအတွင်း မတည်မငြိမ်မှုများနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ ကြောင့် လူပေါင်း ၄၀၀၀ကျော် သေဆုံးလျက်ရှိရာမှ ဒေသခံပြည်သူ၁၄၄၅ဦး ပါဝင်ကြောင်း ကုလသမဂ္ဂအဖွဲ့၏ နောက်ဆုံးသတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။ **(အင်တာနက်)**

အစည်းအဝေးနှင့် စီးပွားရေးလုပ်ငန်းများ အကောင်းဆုံးနေရာအဖြစ် စင်ကာပူအား ရွေးချယ်

စင်ကာပူ စက်တင်ဘာ ၁၈

စင်ကာပူနိုင်ငံအား အစည်းအဝေးများ ကျင်းပရန်နှင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန် အကောင်းဆုံးနေရာအဖြစ် ရွေးချယ်လိုက်ကြောင်း၊ ယခုကဲ့သို့ အရွေးခံခဲ့ရခြင်းသည် ပါရီနှင့်ဗီယင်နာတို့ကဲ့သို့သော နှစ်ရှည်လူကြိုက်များ ရေပန်းစားနေသည့် မြို့ကြီးများကို ကျော်ဖြတ်ကာ အရွေးချယ်ခံရခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်း၌ဖော်ပြသည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့အဆင့်သတ်မှတ်ရေးအဖွဲ့(ယူအိုင်အေ)က ၎င်း၏ ၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အစည်းအဝေး စာရင်းအင်းများ အစီရင်ခံစာအရ စင်ကာပူနိုင်ငံအား ထိပ်တန်းအစည်းအဝေးမြို့တော်အဖြစ်ရွေးချယ်ခဲ့ကြောင်း စင်ကာပူ ခရီးသွားလာရေးလုပ်ငန်း ဘုတ်အဖွဲ့က ၎င်း၏ဝက်ဘ်ဆိုက်တွင် စက်တင်ဘာ ၁၈ ရက်က ကြေညာချက်ထုတ်ပြန်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက် ပါကစ္စတန်၌ ခြောက်ဦးသေဆုံး၊ ခုနစ်ဦးဒဏ်ရာရ

အစ္စလမ္မာဘတ် စက်တင်ဘာ ၁၈

ပါကစ္စတန်နိုင်ငံ အာဖဂန်နယ်စပ်အနီးသို့ စက်တင်ဘာ ၁၇ရက်က အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ခြောက်ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ပါကစ္စတန်ဒေသတွင်း ဒေါင်းနယူးစ်ရုပ်မြင်သံကြားက သတင်းထုတ်ပြန်သည်။

နိုင်ငံခြားသားများပါဝင်

အာဖဂန်နယ်စပ် ဘတ်ဂ်ဟာချန်နာဒေသသို့ လေကြောင်းမှ ပစ်ခတ်သည့် ဒုံးကျည် လေးစင်း ကျရောက်ထိမှန်ခဲ့ကြောင်း၊ သေဆုံးသူများတွင် နိုင်ငံခြားသားများ ပါဝင်ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

လေကြောင်းမှပစ်ခတ်

ပြီးခဲ့သည့် ရက်သတ္တပတ်များကလည်း အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် ပါကစ္စတန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရမှုများဖြစ်ပေါ်ခဲ့သည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ ယခုရက်သတ္တပတ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကျူးဘား၏ အာကာသအစီအစဉ် ရုရှားက ကူညီပေးရန်အသင့်ရှိ

မော်စကို စက်တင်ဘာ ၁၈

ကျူးဘားနိုင်ငံက ကိုယ်ပိုင်အာကာသရေးရာဌာနတစ်ခု တည်ဆောက်မည့် ကိစ္စရပ်နှင့် ပတ်သက်၍ ရုရှားက အကူအညီပေးရန် အသင့်ရှိနေကြောင်း ရုရှား အာကာသအေဂျင်စီ အကြီးအကဲက စက်တင်ဘာ ၁၈ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

ပြောကြား

ကျူးဘား၊ ဗင်နီဇွဲလားနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များနှင့် ကရာကတ်မြို့၌ တွေ့ဆုံဆွေးနွေးပြီးနောက် ရုရှားအာကာသအေဂျင်စီအကြီးအကဲက ယခုကဲ့သို့ အကူအညီပေးရေးကိစ္စကို ထုတ်ဖော် ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရုရှားသတင်းဌာနက သတင်း ထုတ်ပြန်သည်။

ဖြည့်ဆည်းမည်

ဝါရှင်တန်နှင့် ဆက်ဆံရေးအဆင်မပြေသော ကျူးဘားနှင့် ဗင်နီဇွဲလားနိုင်ငံများနှင့် နီးနီးကပ်ကပ်ပူးပေါင်း ဆောင်ရွက်ကာ ၎င်းနိုင်ငံများ၏ အာကာသအစီအစဉ်များ အောင်မြင်ဖွံ့ဖြိုးရေးအတွက် မိမိတို့ အတတ်နိုင်ဆုံး ကြိုးစားဖြည့်ဆည်းပေးသွားမည်ဟု ရုရှား အာကာသအေဂျင်စီ အကြီးအကဲ အနာတိုလီပါမီနော့ဗ်က ပြောကြားသည်။

ဆွေးနွေးခဲ့

ကျူးဘားတွင် အာကာသယာဉ်ရေးရာဌာနတစ်ခု တည်ဆောက်ရန် မိမိတို့ အသေးစိတ် ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကျူးဘားတို့၏ လိုအပ်ချက်များကို ထောက်ပံ့ဖြည့်ဆည်း ပေးသွားရန်ဆုံးဖြတ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လက်တွဲ

အာကာသ ဆက်သွယ်ရေးဆိုင်ရာစနစ်များ ပူးတွဲအသုံးပြုနိုင်ရေးနှင့် အာကာသ အစီအစဉ်များ ပူးပေါင်းဆောင်ရွက်ကြရေးအပြင် အာကာသယာဉ်လွှတ်တင်ရေးတို့တွင်လည်း နှစ်နိုင်ငံအတူတကွ လက်တွဲဆောင်ရွက်သွားကြမည်ဖြစ်သည်။

အကောင်အထည်ပေါ်

ဆိုဗီယက်ပြည်ထောင်စုပြိုကွဲခဲ့ပြီးနောက် ကျူးဘားနိုင်ငံနှင့် ဆက်ဆံရေး ပြန်လည် စတင်ရန် ရုရှားအရာရှိများက ကြိုးစားဆောင်ရွက်ခဲ့ပြီးနောက် ယခုကဲ့သို့ အစီအစဉ်များ အကောင်အထည်ပေါ်လာခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ။**

ဘဝအမောပြေ

ရောင်းချင်လွန်းလို့ပါ....

စူပါမားကတ်ကြီးတစ်ခုတွင် အရောင်းစာရေးဝန်ထမ်းသစ်တစ်ဦးကို စတင်ခန့်လိုက်သည့်နေ့ ဆိုင်သိမ်းချိန်၌ ပိုင်ရှင်သူဌေးရောက်ရှိလာပြီး မေးလေသည်။

သူဌေး ။ ။ ဘယ်လိုလဲ...ရောင်းကောင်းလား...

အရောင်းဝန်ထမ်း ။ ။ ဟုတ်ကဲ့...

သူဌေး ။ ။ အင်း... ဒီနားက ရုပ်မြင်သံကြားစက်တစ်လုံး၊ ရေခဲသေတ္တာတစ်ခုလည်း မတွေ့ပါလား... ဝယ်သူကို ရောင်းလိုက်ပြီလား...

အရောင်းဝန်ထမ်း ။ ။ ဟုတ်ကဲ့... အဲဒီလို ယူဆလို့ရပါတယ်...

သူဌေး ။ ။ ဘယ်လိုလဲ... မောင်ရင့်စကားက...

အရောင်းဝန်ထမ်း ။ ။ ဒီလိုပါသူဌေး... ဝယ်သူကို အဆင်ပြေအောင်ရောင်းပါ ဆိုတဲ့ သူဌေးမှာထားတဲ့ စကားအတိုင်းပါပဲ...

သူဌေး ။ ။ ရှင်းရှင်း ပြောစမ်းပါကွာ...

အရောင်းဝန်ထမ်း ။ ။ ဈေးဝယ်တစ်ဦးလာပါတယ်... သူကအပ်တစ်ချောင်းလာဝယ်တယ်... ဒါပေမယ့် သူ့အဝတ်တွေချုပ်နေတဲ့အချိန်မှာ ရုပ်မြင်သံကြားစက်ဖွင့်ပြီး ရေအေးအေးလေး သောက်တတ်တဲ့ အကျင့်ရှိလို့ အဲဒီပစ္စည်းတွေ သူ့အိမ်မှာရှိတော့မှပဲ လာဝယ်တော့မယ်လို့ ပြောတာနဲ့ ကျွန်တော်လည်း အပ်ကိုရောင်းချင်တာမို့ အဲဒီပစ္စည်းတွေပါ လက်ဆောင် အဖြစ်ပေးလိုက်တာပါ...

သူဌေး ။ ။ **'ဟေ'**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

သတင်းအက်ဆေး

အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုရာတွင် ....

၂၀၀၁ခုနှစ် စက်တင်ဘာ၁၁ရက်ဖြစ်ရပ်သည် အမေရိကန်သမိုင်းတွင် အကြမ်းဖက်တိုက်ခိုက်ခံရမှုများအနက် အဆိုးရွားဆုံးဖြစ်သကဲ့သို့ အငိုက်မိ၍ အရှိုက်ထိလိုက်သည့် ဖြစ်ရပ်တစ်ခုလည်း ဖြစ်သည်။

မသင်္ကာဖွယ်အယ်လ်ခိုင်ဒါစခန်း

ယင်းနောက် အမေရိကန်နိုင်ငံသည် လုံခြုံရေးအစီအမံများ အထပ်ထပ်ချထားသည့်အပြင် အမိမြေလုံခြုံရေးဝန်ကြီးဌာနကိုပင် တီထွင်ဖွင့်လှစ်ခဲ့သည်။ အမှန်အားဖြင့် စက်တင်ဘာ ၁၁ရက်နောက်ပိုင်းမှ လုံခြုံရေးစိတ်မချရသည်မဟုတ်ပါ။ အာဖရိကတိုက်ကင်ညာနိုင်ငံနှင့် တန်ဇန်းနီးယားနိုင်ငံတို့တွင်လည်းကောင်း၊ ယီမင်ကမ်းလွန်တွင်လည်းကောင်း အကြမ်းဖက် တိုက်ခိုက်ခံခဲ့ရဖူးသည်။ သို့ဖြင့် မသင်္ကာဖွယ် အယ်လ်ခိုင်ဒါစခန်းများကို အမေရိကန်တို့က ၁၉၉၈ ခုနှစ်တွင် ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သည်။

အိုစမာဘင်လာဒင်ကို အာဖဂန်နစ္စတန်နိုင်ငံ တာလီဘန်အစိုးရကလွှဲအပ်ပေးရန် ငြင်းဆိုပြီးနောက် အမေရိကန်နှင့် ဗြိတိန်တို့က ၂၀၀၁ခုနှစ် အောက်တိုဘာလတွင် လေကြောင်းတိုက်ပွဲ စတင်လိုက်သည်။ နောက်တစ်လတွင် အာဖဂန်နစ္စတန် အတိုက်အခံတပ်များက မာဇာအီးရှရစ်ဖ်ကိုသိမ်းသည်။ ရက်ပိုင်းအတွင်း ကဘူးလ်မြို့တော်နှင့် အခြားမြို့ကြီးများကို သိမ်းယူသည်။

ထိုနှစ် ဒီဇင်ဘာ ၅ရက်တွင် ယာယီအစိုးရဖွဲ့ရန် ဘွန်းမြို့၌သဘောတူသည်။ ဒီဇင်ဘာ၇ရက်တွင် ကန်ဒါဟာ နောက်ဆုံးခြေကုပ်စခန်းကို တာလီဘန်တို့ လက်လွှတ်လိုက်ရပြီး ခေါင်းဆောင် မူလာအိုမာလည်း ခြေရာဖျောက်သွားသည်။

ထိပ်တိုက်တွေ့ကြ

အာဖဂန်နစ္စတန်တွင် အမေရိကန်၊ နေတိုးတို့ဦးဆောင်သည့် နိုင်ငံစုံတပ်များက တစ်ဖက်၊ တာလီဘန်နှင့် အယ်လ်ခိုင်ဒါအဖွဲ့တို့ကတစ်ဖက် ထိပ်တိုက်တွေ့ကြသည်။ ပဋိပက္ခမှာ အာဖဂန်နစ္စတန်နှင့် နယ်ချင်းထိစပ်နေသည့် ပါကစ္စတန်နိုင်ငံပါ ပါဝင်လာသည်။ မူလက တာလီဘန်ကို ပါကစ္စတန်နိုင်ငံက အသိအမှတ်ပြုခဲ့သော်လည်း ထိုစဉ်က ပါကစ္စတန်သမ္မတမှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် အမေရိကန်၏ အရေးပါသော မဟာမိတ်ဖြစ်ခဲ့သည်။

ပါကစ္စတန်သမ္မတရာထူးကို လောလောလတ်လတ် ရယူလိုက်သည့် မစ္စတာအလီဇာဒါရီနှင့် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းတို့က အကြမ်းဖက်မှုကို လက်တွဲတိုက်ဖျက်ကြမည်ဖြစ်ကြောင်း ပြီးခဲ့သည့် စက်တင်ဘာ ၉ရက်က ပူးတွဲကြေညာသည်။

ဆင်းရဲမွဲတေမှုနှင့် လူမျိုးတုန်းသတ်ဖြတ်မှု၊ ရာသီဥတုပြောင်းလဲမှုနှင့် ရောဂါဘယ ထူပြောမှုတို့ ပါဝင်သည့် ၂၁ရာစုနှစ် ခြိမ်းခြောက်မှုများစာရင်းတွင် အကြမ်းဖက်မှုနှင့် လူအစုအပြုံ သေစေသည့်လက်နက်များ (နျူကလီးယားလက်နက်) မပြန့်ပွားရေးတို့က ထိပ်မှနေရာယူထားသည်။

အာဖဂန်နစ္စတန်၌ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ မဆင်မခြင် ပစ်ခတ်မှုကြောင့် အပြစ်မဲ့ကလေးငယ်များ ဤသို့ သေဆုံးခဲ့ရသည်။

ထိုအတောအတွင်း အီရတ်အစိုးရတွင် လူအများသေစေနိုင်သည့် လက်နက်များ ပိုင်ဆိုင်ထားသည်ဆိုသော ထောက်လှမ်းရေးသတင်းများက စိုးရိမ်စရာဖြစ်လာသည်။ ထိုလက်နက်များ အကြမ်းဖက်သမားများလက်သို့ရောက်ရှိခဲ့သော်...ဆိုသော အတွေးများက ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးများလွှတ်၍ စုံစမ်းရသည်အထိ ဖြစ်လာသည်။ နောက်ဆုံးစစ်ဆေးရေးမှူးများ တပ်ခေါက်ပြန်လာအပြီး ၂၀၀၃ခုနှစ် မတ်လ ၁၇ရက်တွင် ယင်းကိစ္စပြေလည်ရေးအတွက် သံတမန်ရေးကြိုးပမ်းမှု အဆုံးသတ်သွားပြီဟု ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်သံအမတ်ကြီးက ကြေညာသည်။

ကြိုးပေးကွပ်မျက်

၂၀၀၃ခု မတ် ၂၀ရက်တွင် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ကို အမေရိကန်က ဒုံးကျည်များဖြင့်ပစ်ခတ်သည်။ ဆက်ဒမ်ဟူစိန် ဖယ်ရှားရေး အမေရိကန်ဦးဆောင်သည့် ကျူးကျော်စစ် စတင်လိုက်ခြင်းဖြစ်သည်။

ဆက်ဒမ်ဟူစိန်အစိုးရတွင် လူအများ အစုအပြုံလိုက်သေစေနိုင်သည့် လက်နက်

အကြမ်းဖက် တိုက်ဖျက်ရေးဆိုသော်လည်း အမေရိကန်တို့၏တိုက်ခိုက်မှုကြောင့် အီရတ်ပြည်သူများ၏ မိသားစုဝင်များ သေဆုံးခဲ့ရသဖြင့် ဤသို့ ကြေကွဲမှုများ ဖြစ်ပေါ်နေဆဲပင်။

ဆိုသည်ကို အီရတ်၌ရှာမတွေ့။ သို့သော် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူသေဆုံးမှု မရှိသည့်နေ့ဟူ၍ မရှိသလောက် ရှားသည်။ ဗုံးခွဲမှုများကြောင့် သေဆုံးသူဦးရေ ဆယ်ဂဏန်းမှာ မဆန်းတော့။ ၂၀၀၆ ခုနှစ်အတွင်း အရပ်သား သေဆုံးသူပေါင်း ၃၄၀၀၀ ကျော်သည်ဟု ကုလသမဂ္ဂက ကြေညာသည်။ အသေခံတိုက်ခိုက်မှုနှင့် လမ်းဘေးဗုံးခွဲမှု တို့မှာ အကြမ်းဖက်သမားတို့၏ လက်သုံးတိုက်နည်းဖြစ်သည်။ အပြစ်မဲ့ အရပ်သူအရပ်သားများသည်သာ မြေစာပင်ဘဝ ရောက်ကြရသည်။

အချက်အလက်အုပ်စု

နိုင်ငံပေါင်း ၈၀ ဝန်းကျင်၌လှုပ်ရှားနေသည့် အကြမ်းဖက်ကွန်ရက်ကို အီရတ်တစ်နိုင်ငံတည်းအား သိမ်းထားရုံမျှဖြင့် ထိန်းချုပ်ထားနိုင်ပါမည်လောဟု စောကြောစရာဖြစ်သည်။ အမှန်အားဖြင့် အီရတ်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံလောက် တည်ငြိမ်မှု မကင်းမဲ့ကြောင်း ၂၀၀၈ခု မတ် ၂၅ရက်ထုတ် ဗြိတိန်အခြေစိုက် ဂျိန်းစ်သတင်းအချက်အလက်အုပ်စု၏ အစီရင်ခံစာက သက်သေထူလိုက်သည်။

ကမ္ဘာပေါ်မှာ မတည်ငြိမ်ဆုံးနိုင်ငံနှင့်ဒေသများ စာရင်းပြုစုထုတ်ပြန်ရာတွင် အာဖဂန်နစ္စတန်နိုင်ငံသည် ထိပ်ဆုံးသုံးနိုင်ငံတွင် ပါဝင်နေသည်ကို တွေ့ရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ နိုင်ငံတကာလုံခြုံမှု အကူအညီပေးရေးတပ်(အိုင်ဆက်) အဖွဲ့ဝင် စုစုပေါင်း ၄၃၂၅၀ရှိသည်။ အမေရိကန်၊ ဗြိတိန်၊ ဂျာမနီ၊ အီတလီ၊ ကနေဒါ၊ နယ်သာလန်၊ ပြင်သစ်အပါအဝင် နိုင်ငံပေါင်း ၄၀မှ တပ်ဖွဲ့ဝင်များ ဖြစ်ကြသည်။

စစ်ရေးအဓိက အကြမ်းဖက်မှုတိုက်ဖျက်ရေးသည် ထိရောက်သည့် မဟာဗျူဟာ ဟုတ်မဟုတ် စဉ်းစားချိန်ရောက်ပြီဟု ဆန်းစစ်သူများက ရှုမြင်သည်။

ငြိမ်းချမ်းရေးမြတ်နိုးသူတိုင်း အစွန်းရောက်မှု၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဘက်မှ ရပ်တည်မှာ သေချာပါ၏။ သို့သော် မထိရောက်သည့်လုပ်ရပ်အတွက် အပြစ်မဲ့ ပြည်သူများ၏ အသက်ပေါင်းများစွာစတေးခံရခြင်းကို တားဆီးကြရမည်သာဖြစ်သည်။ သို့မှသာ မျက်မှောက်ခေတ်တွင် ယဉ်ကျေးမှုကိုမမြှင့်တင်နိုင်သည့်တိုင် လူ့ယဉ်ကျေးမှု ယုတ်လျော့နိမ့်ကျမသွားစေရန် ဝိုင်းဝန်းထိန်းသိမ်းရာရောက်မည် ဖြစ်ပါကြောင်း။ ။ ***ကိုးကား-အင်တာနက်***

တိုး ရေးသားသည်

အအေးဓာတ်လွန်ကဲသောနေရာ၌ နေထိုင်သူများ ပူနွေးသည့် အစားအစာများ စားသုံးရန်လိုအပ်

အင်တာနက်ကျန်းမာရေး

အအေးဓာတ်လွန်ကဲသောရာသီဥတုနှင့် လေအေးစက်အမြဲတမ်းဖွင့်ပြီး အလုပ်လုပ်သူများအနေဖြင့် ပူနွေးသော အစားအစာများကို စားသုံးပေးသင့်ကြောင်း ကနေဒါသုတေသနပညာရှင်များက ပြောကြားသည်။

<u>အပူဓာတ်ရရှိစေရန်</u>

အအေးဓာတ်လွန်ကဲစွာခံစားရသည့် နေရာဒေသများ၌ နေထိုင်လုပ်ကိုင်သူများအနေဖြင့် ကိုယ်တွင်း ဇီဝကမ္မဖြစ်စဉ်များ ပျက်စီးတတ်သည်ဖြစ်ရာ ပုံမှန်သွေးလည်ပတ်မှုနှင့် ခန္ဓာကိုယ်အတွင်းလိုအပ်သော အပူဓာတ်ရရှိစေရန် ပူနွေးသောအစားအစာများကို စနစ်တကျစားသုံးသင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။

<u>လေအေးစက်</u>

လေအေးစက် အမြဲတမ်းဖွင့်ထားသောအခန်းအတွင်း အလုပ်လုပ်သူများအနေဖြင့် စွပ်ပြုတ်ပူပူ၊ ကော်ဖီပူပူနှင့် ရေနွေးကြမ်းပူပူများကို တစ်နေ့လျှင်အနည်းဆုံး တစ်ကြိမ်သို့မဟုတ် နှစ်ကြိမ်သောက်သုံးပေးသင့်ကြောင်းသိရသည်။

ထိုသို့ပူနွေးသော အစားအစာများကို မစားသုံးပါက အအေးဓာတ်လွန်ကဲသောနေရာများ၌ နေထိုင်သူများသည် ရုတ်တရက်လေဖြတ်ခြင်းဝေဒနာများ ခံစားရနိုင်ကြောင်း ကနေဒါဆေးသုတေသနပညာရှင်များက သတိပေးပြောကြားသည်။

သူတို့အတွေးအမြင်

Reflect upon your present blessings, of which everyman has many; not on your past misfortunes, of which all men have sonae.

ပစ္စုပ္ပန်၌ရှိနေသည့် ကျေနပ်နှစ်သိမ့်စရာများကို ပြန်ပြောင်းသတိရပါ။ လူအားလုံးတွင် အနည်းအကျဉ်းမျှသာရှိသည့် အတိတ်က စိတ်မချမ်းမြေ့ဖွယ်ရာများကို ပြန်ပြောင်းသတိမရပါနှင့်။

ချားလ်ဒစ်ကင်
(အင်္ဂလိပ်လူမျိုးဝတ္ထုရေးဆရာ)

Make yourself an honestman, and then you may be sure that, there is one rascal less in the world.

သင့်ကိုယ်သင် လူရိုးလူကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားလုပ်ဆောင် နေထိုင်ပါ။ ထိုအခါ ကမ္ဘာပေါ်၌ လူယုတ်မာတစ်ဦးလျော့သွားပြီဆိုသည်မှာ သင့်အတွက် သေချာသည့် အချက်ပင်ဖြစ်သည်။

သောမတ်စ်ကာလိုင်း
(စကော့လူမျိုးသမိုင်းဆရာနှင့်စာရေးဆရာ)

အကြမ်းဖက် အဖျက်လုပ်ရပ်များ ပြည်သူ့အားနဲ့ ဝိုင်းဝန်းဆန့်ကျင် ဖယ်ရှားသွားမည်

မြန်မာပြည်သူတစ်ရပ်လုံးက တစ်ပါတီစနစ်အစား ဥပဒေနဲ့အညီ ကျယ်ကျယ်ပြန့်ပြန့် လွတ်လပ်စွာ နေထိုင်လုပ်ကိုင် ရှင်သန်ခွင့်ရရှိတဲ့ ဒီမိုကရေစီစနစ်ကို လိုလားလျက်ရှိတာ အားလုံးအသိပါ။ အလားတူ တိုင်းပြည် ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး လူပုဂ္ဂိုလ်တစ်ဦးချင်း၊ မိသားစုတစ်စုချင်းရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ပိုမိုပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိတဲ့ ဈေးကွက်စီးပွားရေး စနစ်ကိုလည်း လိုလားတောင့်တလျက်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူ့ဆန္ဒနဲ့အညီ ဈေးကွက် စီးပွားရေးစနစ်ကို ဖော်ဆောင်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူပုဂ္ဂိုလ် တစ်ဦးချင်း၊ မိသားစုတစ်စုချင်းရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ကြိုးပမ်းဖော်ဆောင်ပေးနေတယ် မဟုတ်လား။ ဒီလို ကြိုးပမ်းဖော်ဆောင်မှုတွေကြောင့် အတိုင်းအတာတစ်ခုအထိ တိုးတက်အောင်မြင်မှုတွေ ရရှိနေတာကိုလည်း အားလုံးလက်တွေ့မျက်မြင်ပဲ ဖြစ်ပါတယ်။

တစ်ဖက်က ဈေးကွက်စီးပွားရေးစနစ်ကိုဖော်ဆောင်ရင်းအခြားတစ်ဖက်ကလည်း ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးကို အဟန့်အတား၊ အနှောင့်အယှက်၊ အခက်အခဲအမျိုးမျိုးကြားက မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဆောင်ရွက်ပေးနေပါတယ်။ ဒါကြောင့်လည်း အမျိုးသားညီလာခံကျင်းပခြင်း၊ အခြေခံဥပဒေမူကြမ်းရေးသားပြုစုခြင်း၊ အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုခြင်းစတဲ့ လုပ်ငန်းအဆင့်တိုင်းကို အောင်မြင်စွာ ဖြတ်သန်းချီတက်နိုင်ခဲ့ပြီးပါပြီ။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခဲ့ရာမှာ ဆန္ဒခံယူပွဲဥပဒေတွေ၊ နည်းဥပဒေတွေကို နိုင်ငံတကာစံနှုန်းများနဲ့အညီ စနစ်တကျ ရေးဆွဲထုတ်ပြန် ပြဋ္ဌာန်းပြီး အဲဒီဥပဒေများနှင့်အညီ ဆောင်ရွက်ပေးခဲ့ခြင်းပဲဖြစ်ပါတယ်။အလားတူလွတ်လပ်ပြီး တရားမျှတတဲ့ ဆန္ဒခံယူပွဲဖြစ်စေရန်အတွက်လည်း ဗဟိုမှအောက်ခြေ အဆင့်ဆင့်အထိ ကော်မရှင်များဖွဲ့စည်းပေးပြီး စနစ်တကျ ကြီးကြပ်စီမံဆောင်ရွက်ပေးခဲ့တာပါ။ ဒါ့အပြင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကိုရော၊ ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေများကိုပါ အချိန်မီကြိုတင်ထုတ်ပြန် ဖြန့်ချိပေးခဲ့ပြီး ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိနိုင်အောင်လည်း စီမံဆောင်ရွက်ပေးခဲ့တာပဲ မဟုတ်လား။

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပတဲ့နေ့မှာလည်း မြန်မာနိုင်ငံမှာရှိတဲ့ သံတမန်တွေ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်တွေအားလုံးကို ဒေသအသီးသီး အရောက်ပို့ဆောင်ပေးပြီး ပြည်သူများကိုယ်ပိုင်ဆန္ဒနဲ့အညီ လွတ်လပ်စွာမဲပေးနေတာတွေ မျက်မြင်ကိုယ်တွေ့ လေ့လာသိရှိနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့တာ မှတ်မိပါသေးတယ်။ တစ်ဖက်ကလည်း အခြေခံဥပဒေအပေါ် ထောက်ခံလိုသူများရော၊ ကန့်ကွက်လိုသူများပါ မိမိဆန္ဒအလျောက် လွတ်လွတ်လပ်လပ် မဲပေးခွင့်ရရှိအောင် မျှမျှတတ စီစဉ်ဆောင်ရွက်ပေးခဲ့တာ အမှန်ပါပဲ။ ဒါကြောင့်လည်း ကျွန်တော်တို့ကိုယ်တွေ့ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဟာ လွတ်လပ်ပြီး တရားမျှတမှုအပြည့်အဝရှိတာ ပြောဖို့မလိုအောင် ထင်ရှားလှပါတယ်။

အဲဒီပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဆန္ဒမဲပေးသူ အားလုံးရဲ့ ၉၂ဒသမ ၄၈ရာခိုင်နှုန်းက ထောက်ခံအတည်ပြု ပေးခဲ့ကြပါတယ်။ ဒါကြောင့် အဲဒီအခြေခံဥပဒေဟာ ယနေ့ပြည်သူအများစုက Mandate ပေးခြင်းခံရတဲ့ အခြေခံဥပဒေဖြစ်သွားပြီ ဖြစ်ပါတယ်။

အဲဒီလို အခြေခံဥပဒေကို အများစုက ထောက်ခံခဲ့ကြတာဟာ ပြည်သူများအနေနဲ့ အခြေခံဥပဒေကို တကယ်နှစ်သက်လို့၊ တကယ်လက်ခံလို့သာ ဒီလောက်အထိ သောင်းသောင်းဖြဖြ ထောက်ခံခဲ့ကြတာဖြစ်သလို တစ်ဖက်ကလည်း နိုင်ငံတော်အစိုးရအပေါ် တကယ်ယုံကြည်အားကိုးလို့သာ ဖြစ်ပါတယ်။ နှိုင်းယှဉ်ပြီးပြောရရင် ၁၉၇၄ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခဲ့စဉ်တုန်းက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဦးဆောင်မှုအောက်မှာ ပါတီကလာပ်စည်းအဆင့်ဆင့်အနေနဲ့ အခြေခံခိုင်ခိုင်မာမာ ရပ်တည်စုဖွဲ့ထားပြီးသား၊ ကွက်ပြည့်စည်းရုံးထားပြီးသား အခြေအနေမျိုးမှာတောင် ထောက်ခံမဲ ၉၀ဒသမ ၁၇ရာခိုင်နှုန်းသာ ရရှိခဲ့တာကို မှတ်မိပါသေးတယ်။ တကယ်ဆို အခြေအနေအရပ်ရပ်က ယခုထက်ပိုပြီး ထောက်ခံမဲရသင့်တဲ့ အခြေအနေမျိုးမဟုတ်လား။ ဒါပေမယ့် ဒီနေ့ လူထုရဲ့ထောက်ခံမှုကို မမီနိုင်တာ တွေ့ရှိရပါတယ်။ ဒါကြောင့် ဒီနေ့ကာလလို ပြည်တွင်းပြည်ပဆန့်ကျင်ဘက်တွေက အဘက်ဘက်က စည်းရုံးဆန့်ကျင် ဖိအားပေးနေတဲ့ အခြေအနေ အရပ်ရပ်ကြားထဲက ၁၉၇၄ခုနှစ် အခြေအနေကိုကျော်လွန်ပြီး ၉၂ဒသမ၄၈ရာခိုင်နှုန်း ထောက်ခံမဲရရှိခဲ့ခြင်းဟာ ပြည်သူက တကယ်နှစ်သက်လို့၊ တကယ်လက်ခံလို့သာ ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။

ပြည်သူများအပိုင်းက ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် ဒီလိုမျိုးတစ်ခဲနက်ထောက်ခံ အတည်ပြုပေးခဲ့ကြတာကလည်း တကယ်တော့ တည်ဆဲအစိုးရအနေနဲ့ ယနေ့ပြည်သူတွေရဲ့ အဓိကလိုလားချက် ဆန္ဒကြီးသုံးရပ်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စွမ်းရှိတဲ့အတွက် အစိုးရရဲ့ အမျိုးသားနိုင်ငံရေး ကြိုးပမ်းဖော်ဆောင်မှုများကို ပြည်သူက သဘောတူထောက်ခံ အားပေးလျက်ရှိကြောင်းတုံ့ပြန် သက်သေပြလိုက်ခြင်းပဲ ဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ တည်ငြိမ်

ကျော်ရဲမင်း

အေးချမ်းမှုကို လိုလားပါတယ်။ မတည်ငြိမ်တဲ့ ပတ်ဝန်းကျင်မျိုး၊ တည်ငြိမ်မှုကို ဖျက်ဆီးမယ့် ဆူပူအကြမ်းဖက်မှုမျိုးကို လုံးဝမလိုလားပါဘူး။ ဒါ့အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို လိုလားသလို မိမိတို့တစ်ဦးချင်းစီရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း လိုလားကြပါတယ်။ ဒီလိုဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေမယ့် ဘယ်လိုကိစ္စရပ်မျိုးကိုမှ လက်မခံနိုင်ကြပါဘူး။ နောက်တစ်ချက်ကတော့ **ပြည်သူအားလုံးဟာ ဥပဒေနဲ့အညီ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်စားသောက်လိုကြပြီး သူတို့လိုလားတောင့်တတဲ့ ဒီမိုကရေစီပန်းတိုင်ကို မြန်မြန်ရောက်ချင်တဲ့ ဆန္ဒကိုယ်စီ ရှိကြပါတယ်။ ဒါဟာ ယနေ့ မြန်မာပြည်သူအများရဲ့ သဘောထားဆန္ဒအမှန်ပဲ ဖြစ်ပါတယ်။**

ယနေ့ပြည်သူတွေဟာ တည်ဆဲအစိုးရအပေါ် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ဆောင်ကြဉ်းပေးနိုင်တဲ့အစိုးရ၊ နိုင်ငံနဲ့လူမျိုးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းစွမ်းဆောင်ပေးနေတဲ့ အစိုးရ၊ ပြည်သူလိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ကို လှမ်းကိုင်နိုင်အောင် ဦးဆောင် ချီတက်ပုံဖော်ပေးနေတဲ့ အစိုးရအဖြစ် ယုံကြည်ထောက်ခံအားပေးနေကြတာပါ။ ဒါကြောင့် တည်ဆဲအစိုးရရဲ့ မူဝါဒလမ်းစဉ် (၇)ရပ်အကောင်အထည်ဖော်မှုမှာ အရေးအပါဆုံးအဆင့်ဖြစ်တဲ့ အဆင့်(၄) ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးလုပ်ငန်းစဉ်မှာ အပြည့်အဝ ပူးပေါင်းပါဝင်ထောက်ခံအတည်ပြုပေးခဲ့ကြတာ သက်သေပါပဲ။ ဒါကြောင့် ဒါတွေအားလုံးဟာ ပြည်သူ့ဆန္ဒ အစစ်အမှန်ဖြစ်တဲ့အတွက် အားလုံးအနေနဲ့ ပြည်သူ့ဆန္ဒကို အလေးထားလေးစားလိုက်နာကြဖို့ လိုအပ်ပါတယ်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ရလဒ်အပေါ်မှာ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက် အဖွဲ့များအနေနဲ့ အမျိုးမျိုးဝေဖန်စွပ်စွဲပုတ်ခတ်ပြီး ပြည်သူ့ဆန္ဒကို အတင်းအဓမ္မ ငြင်းဆန်ပယ်ချနေကြတာတွေ ယနေ့တွေ့နေရပါတယ်။ သူတို့အနေနဲ့ ဒီရလဒ်အပေါ်မှာ မျက်စိစုံမှိတ်ပြီး ဖြောင်ကျကျငြင်းဆန်ရင်း ကျားကျားမီးယပ် လုပ်နေကြပေမယ့် တကယ်တော့ အဲဒီရလဒ်ဟာ ပြည်သူ့ဆန္ဒအစစ်အမှန်ပဲ ဖြစ်တယ်ဆိုတာ ရင်ထဲကလက်ခံထားကြပြီး ဖြစ်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ တချို့ဆန့်ကျင်ဘက် အင်အားစုများအနေနဲ့ အဲဒီအချက်ကို မသိမသာ ဖွင့်ဟဝန်ခံခဲ့ဖူးတာတွေလည်း ရှိပါတယ်။ တကယ်တော့ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲတွေကြောင့်သာ ပြည်သူ့ဆန္ဒအမှန်ကို သိမြင်နားလည်နေပါလျက်နဲ့ အတ္တအကျိုးစီးပွား တိမ်သလ္လာဖုံးပြီး အမျိုးသားရေးကို အတိအလင်း သစ္စာဖောက်နေကြခြင်း ဖြစ်ပါတယ်။

တကယ်တော့ မူဝါဒလမ်းစဉ်(၇)ရပ်ဟာ အမျိုးသားနိုင်ငံရေးလမ်းကြောင်းမှန်ဖြစ်သလို နိုင်ငံတည်ငြိမ်အေးချမ်းမှုမပျက်ယွင်းဘဲ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုတွေကို အခိုင်အမာတည်ဆောက်ရင်း ပြည်သူအားလုံးလိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ကို အရောက်လှမ်းနိုင်ဖို့အတွက် အလျော်ကန်ဆုံး၊ အန္တရာယ်အကင်းဆုံး၊ အသင့်မြတ်ဆုံး လမ်းကြောင်းလည်းဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူက ဒီလမ်းကြောင်းအတိုင်း အရှိန်အဟုန်မပျက် ဆက်လက်ချီတက်လျှောက်လှမ်းနိုင်ဖို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ တစ်ခဲနက်ထောက်ခံ အတည်ပြုပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့တပ်မတော်တို့ လက်တွဲပြီး ပြည်သူ့ဆန္ဒနဲ့အညီ မူဝါဒလမ်းစဉ်(၇)ရပ်ဆိုတဲ့ အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်းပဲ ဆက်လက် ဦးတည်ကြိုးပမ်း ချီတက်သွားကြမှာပါပဲ။ တည်ဆဲအစိုးရအနေနဲ့ ၂၀၁၀ပြည့်နှစ်မှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုကျင်းပပြီး မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ တရားဝင်ထုတ်ပြန်ကြေညာပြီးလည်း ဖြစ်ပါတယ်။

ပြည်သူတစ်ရပ်လုံးအနေနဲ့ သူတို့လိုလားတဲ့ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရာမှာ တိတိကျကျ အချိန်ဇယားနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုအပေါ် အပြည့်အဝထောက်ခံပူးပေါင်း ဆောင်ရွက်နေကြတာ အထင်အရှားပါပဲ။ ဒါကြောင့်လည်း တည်ဆဲအစိုးရအနေနဲ့ ပြည်သူ့ရဲ့ဆန္ဒ Mandate အတိုင်း မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် မဆုတ်မနစ် ဆက်လက်ဆောင်ရွက်သွားမယ်လို့ အခိုင်အမာပြောနေတာပါ။ဒီလိုဆောင်ရွက်မှုများအပေါ် နှောင့်နှေးအောင်၊ ပျက်ပြားအောင်၊ ထိခိုက်အောင် ကြိုးပမ်းလာမှုမှန်သမျှကို ပြည်သူတွေအနေနဲ့ လက်ခံနိုင်မှာမဟုတ်သလို ပြည်သူက အတည်ပြုပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို သေးသိမ်အောင်၊ ထိခိုက်အောင် ကြိုးပမ်းလာမှုမှန်သမျှကိုလည်း ဆန့်ကျင်ဖယ်ရှားသွားမှာ အသေအချာပါပဲ။

ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီး မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း မဆုတ်မနစ် ဆက်လက်ချီတက် ကြိုးပမ်းတည်ဆောက်ဖို့ ပြည်သူက Mandate ပေးလိုက်ပြီး ဖြစ်တဲ့အတွက် တစ်ဖက်ကလည်း **ဆန့်ကျင်ဘက်အုပ်စုတွေ လက်မလွှတ်စတမ်း အသေဆုပ်ကိုင်ထားတဲ့ ၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ဆိုတာ အလိုအလျောက် ပျက်ပြယ်သွားပါပြီ။ ၁၈နှစ်ကျော် Date အောက်နေတဲ့ ရလဒ်ကို ဘယ်ပြည်သူကမှ ပြန်လှည့်မကြည့်ချင်တော့ပါဘူး။ အလားတူ ဆန့်ကျင်ဘက်အဖွဲ့တွေအနေနဲ့ တဖွဖွတောင်းဆိုနေတဲ့ တွေ့ဆုံ ဆွေးနွေးရေး (Dialogue)ဆိုတာလည်း လုံးဝအဓိပ္ပာယ်မရှိတဲ့အခြေကို ဆိုက်ရောက်သွားရပါပြီ။** အမျိုးသားညီလာခံမှာ ပြောခွင့်၊ ဆိုခွင့်၊ ဆွေးနွေးခွင့်တွေ အပြည့်အဝပေးခဲ့တုန်းက အမျိုးမျိုးအကြောင်းရှာပြီး ဖြောင်ကျကျငြင်းဆန်ခဲ့တာ ပြည်သူက မမေ့ကြသေးပါဘူး။ ဘာပဲဖြစ်ဖြစ် ဒီနေ့အချိန်မှာ ဆန့်ကျင်ဘက်အုပ်စုတွေ အနေနဲ့ နိုင်ငံရေးအရ လုံးဝရှုံးနိမ့် ပြိုလဲသွားခဲ့ပြီလို့ ဆိုနိုင်ပါတယ်။

ဒီလိုအခြေအနေတွေကြောင့်လည်း ဆန့်ကျင်ဘက်အုပ်စုတွေအနေနဲ့ မစားရတဲ့အမဲ သဲနဲ့ပက်ဆိုသလို အတည်ပြုပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပျက်ပြားအောင်၊ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှု နှောင့်နှေးပြီး ရှေ့မတိုးနိုင်အောင်၊၂၀၁၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မအောင်မြင်နိုင်အောင် အဖျက်အမှောင့်လုပ်ရပ်များကို နည်းလမ်းအမျိုးမျိုးနဲ့ ကြံစည် ကြိုးပမ်းလုပ်ဆောင်လာခဲ့ကြပါတယ်။ သူတို့အနေနဲ့ ဒီနေ့ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းနေတဲ့ အခြေအနေတွေ ပျက်ယွင်းပြီး မတည်မငြိမ်ဖြစ်အောင်၊ ပြည်သူတွေအကြား ကျီးလန့်စာစား ရှုတ်ရှုတ်သဲသဲဖြစ်အောင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေ၊ မီဒီယာပေါင်းစုံမှ လှုံ့ဆော်သွေးထိုးမှုတွေနဲ့ အကွက်ကျကျ ပူးပေါင်းစီမံဆောင်ရွက်နေတာတွေကို သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၈)မှာ ရှင်းရှင်းလင်းလင်း သိခွင့်ရလိုက်ပါတယ်။ ဒါပေမယ့်ပြည်သူက မအံ့သြတော့ပါဘူး။ သူတို့ဒီလမ်းကြောင်းကိုရွေးပြီး ဒီလိုပဲလုပ်ကြလိမ့်မယ်ဆိုတာ ကျွန်တော်တို့ပြည်သူတွေက အပွေးမြင်အပင်သိဆိုသလို တစ်ကွက်ကြိုပြီး သိမြင်နားလည်ထားပြီးသား ဖြစ်နေကြပါပြီ။

စာမျက်နှာ ၇ ကော်လံ ၁

ပြည်သူအားလုံးဟာ ဥပဒေနဲ့ အညီ လွတ်လပ်စွာ နေထိုင် လုပ်ကိုင် စားသောက်လိုကြပြီး သူတို့လိုလားတောင့်တတဲ့ ဒီမို ကရေစီပန်းတိုင်ကို မြန်မြန် ရောက်ချင်တဲ့ ဆန္ဒကိုယ်စီရှိကြ ပါတယ်။ ဒါဟာ ယနေ့ မြန်မာ ပြည်သူအများရဲ့ သဘောထား ဆန္ဒအမှန်ပဲ ဖြစ်ပါတယ်။

ဆန့်ကျင်ဘက် အုပ်စုတွေ လက်မလွှတ်စတမ်း အသေဆုပ်ကိုင် ထားတဲ့ ၉၀ပြည်နှစ် ရွေးကောက်ပွဲရလဒ်ဆိုတာ အလိုအလျောက် ပျက်ပြယ်သွားပါပြီ။ ၁၈နှစ်ကျော် Date အောက်နေတဲ့ ရလဒ်ကို ဘယ်ပြည်သူကမှ ပြန်လှည့်မကြည့်ချင်တော့ပါဘူး။ အလားတူ ဆန့်ကျင်ဘက် အဖွဲ့တွေအနေနဲ့ တဖွဖွတောင်းဆိုနေတဲ့ တွေ့ဆုံ ဆွေးနွေးရေး (Dialogue) ဆိုတာလည်း လုံးဝအဓိပ္ပာယ် မရှိတဲ့ အခြေကို ဆိုက်ရောက်သွားရပါပြီ။

စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

တစ်ဖက်ကလည်း အန်တီစုအနေနဲ့ တည်ဆဲအစိုးရရဲ့ အမျိုးသားနိုင်ငံရေး ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေးလှုပ်ရှားမှု အရိပ်အယောင်များ ပြလာတာကိုလည်း တွေ့နေရပါတယ်။ အန်တီစုအနေနဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထူးအကြံပေး ပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီနဲ့ လက်ခံတွေ့ဆုံဖို့ ငြင်းပယ်ခဲ့ပါတယ်။ သူမရဲ့ ပါတီဝင်များအနေနဲ့လည်း ကုလသမဂ္ဂနဲ့ မစ္စတာဂမ်ဘာရီတို့အပေါ် ဆန့်ကျင်ပုတ်ခတ်တဲ့ စကားများကို ထုတ်ဖော်ပြောဆိုနေကြပြန်ပါတယ်။ ဒါဟာ အသိဉာဏ်ကင်းမဲ့ရာရောက်ပြီး လုံးဝမှားယွင်းကြောင်း ပြည်တွင်းပြည်ပ ဝေဖန်ထောက်ပြမှုအချို့ရှိနေတာ သူတို့လည်း နားနဲ့ ဦးနှောက်နဲ့ဆိုတော့ ကြားမယ်၊ သိမယ် ထင်ပါတယ်။

တစ်ချိန်တည်းမှာ NLD ပါတီဝင်များအနေနဲ့ အန်တီစု အစာငတ်ခံဆန္ဒပြနေတယ်ဆိုတဲ့ သတင်းမျိုးတွေထုတ်လွှင့်ပြီး ပြည်တွင်းပြည်ပ တုံ့ပြန်မှုများအပေါ် သွေးတိုးစမ်းတဲ့အနေအထားကို တွေ့ခဲ့ရပြန်ပါတယ်။တကယ်တော့ NLD ကိုယ်တိုင်က နိုင်ငံနဲ့ ပြည်သူအကျိုးအတွက် ဘာတစ်ခုမျှ မည်မည်ရရ စွမ်းဆောင်ပေးခဲ့တာ မရှိခဲ့တဲ့အပြင် အကျိုးပျက် စေမယ့် လုပ်ရပ်တွေကိုပဲ တစိုက်မတ်မတ် လုပ်လာခဲ့ကြတာပါ။ နိုင်ငံတော် အစိုးရရဲ့ အပြုသဘောလုပ်ရပ်တွေအပေါ်မှာ ထိုင်ရာမထ လက်ညှိုးထိုး အပြစ်ပြောရင်း ဖျက်မြင်းလုပ်နေတဲ့ အချိန်တွေပဲ ဆယ်စုနှစ် နှစ်စုနီးပါးရှိလာခဲ့ပြီ မဟုတ်လား။ အလားတူ သူတို့ရဲ့အပေါင်းပါ ပြည်ပြေးတွေဆိုတာလည်း ပြည်ပမှာ မီှခိုကပ်ရပ်နေပြီး Refugee Stay ရဖို့၊ ပြည်ပအထောက်အပံ့ရဖို့ လောက်သာ တောင်းရမ်းစားသောက်ရင်း ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး မျက်နှာကို အိုးမဲသုတ်ဖို့ ကြိုးပမ်းရှင်သန်နေရတဲ့ ဓားမနောက်ပိတ်ခွေး ဘဝမျိုးတွေပါ။ သူတို့တွေ သူတော်ချင်းချင်းသတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ကြပြီး အခုလို မကြံအပ်မစည်ရာတွေ ပူးပေါင်းကြံစည်လာကြတာတွေဟာ စေ့စေ့တွေးကြည့်ရင် တကယ်တော့ မဆန်းလှပါဘူး။

ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အုပ်စုများအနေနဲ့ ဒီလိုဘက်ပေါင်းစုံက အဖျက်အမှောင့်လုပ်ငန်းတွေ ဟန်ချက်ညီ တိုးမြှင့်လုပ်ဆောင်ရင်း ယခုစက်တင်ဘာလအတွင်း လူထုဆူပူအုံကြွမှုတွေ မဖြစ်ဖြစ်အောင် ဖန်တီးဖော်ဆောင်နိုင်ဖို့ ဦးတည်ကြိုးပမ်းနေကြကြောင်း သတင်းစာရှင်းလင်းပွဲမှာ ရှင်းလင်းသွားတာ တွေ့ရပါတယ်။ အကယ်၍များ သူတို့စီမံတဲ့အတိုင်း ဆူပူအုံကြွမှု အကောင်အထည်ပေါ်လာမယ်ဆိုရင် ပြည်ပအင်အားကြီးနိုင်ငံရဲ့ ကြိုးကိုင် လမ်းညွှန်မှုနဲ့ ပြည်တွင်းက နိုင်ငံရေးအုပ်စုတွေ၊ ပြည်ပရောက် ပြည်ပြေးတွေ၊ သောင်းကျန်းသူတွေ ကြိုတင်ဇာတ်တိုက်ပြင်ဆင်ပြီး "မြန်မာ့နိုင်ငံရေး မတည်မငြိမ်ဖြစ်နေပါပြီ၊ ဒေသတွင်း လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက်တဲ့အနေအထား ရောက်နေပါပြီ"ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ နိုင်ငံအစိတ်စိတ် အမြွှာမြွှာပြိုကွဲအောင် မီးမောင်းထိုး ပုံဖော်လုပ်ဆောင်ကြတော့မှာ မုချပါပဲ။ ပြည်ပအင်အားကြီးနိုင်ငံ ဦးဆောင်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီကတစ်ဆင့် အရေးယူဖို့၊ လုံခြုံရေးကောင်စီက ကြားဝင်ဆောင်ရွက်ဖို့၊ နောက်ဆုံး တစ်နိုင်ငံလုံး ကမောက်ကမဖြစ်ပြီး သူတို့အာဏာရဖို့အထိ ဦးတည်ရည်မှန်း ကြိုးပမ်းဖော်ဆောင်နေခြင်းဖြစ်တာ ထင်ရှားလှပါတယ်။ ဆန့်ကျင်ဘက် အုပ်စုတွေရဲ့ ရပ်တည်ချက်သဘောအမှန်နဲ့ အကြံအစည်များကို ထင်သာ၊ မြင်သာရှိအောင် သတင်းစာရှင်းလင်းပွဲက မီးမောင်းထိုးပြခဲ့တာပါပဲ။

ဒါကြောင့်လည်း ဆန့်ကျင်ဘက်အုပ်စုတွေက အဲဒီလိုရည်ရွယ်ချက်ရှိရှိနဲ့ ဦးတည်ကြိုးပမ်းလုပ်ဆောင်နေတဲ့ အဖျက်အမှောင့်လုပ်ငန်းတွေ၊ ဖောက်ခွဲ ဖျက်ဆီးရေး အကြမ်းဖက်လုပ်ရပ်တွေဟာ ပြည်သူ့ဆန္ဒနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဆန့်ကျင်ဘက်နိုင်ငံရေးသမားတွေ ပြည်ပြေးတွေ၊ သောင်းကျန်းသူ အကြွင်းအကျန်တွေ၊ ပြည်ပမှာရှိတဲ့ လူ့အခွင့်အရေးဆိုတဲ့ အဖွဲ့တွေအားလုံး အာဏာမျက်နှာတစ်ခုတည်းနောက်ကို ကောက်ကောက်ပါအောင်လိုက်ရင်း ဆူပူမှုတွေ၊ အကြမ်းဖက်မှုတွေ မဖြစ်ဖြစ်အောင် ကြိုးပမ်းနေကြတာတွေဟာ ပြည်သူအများ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီဖော်ဆောင်မှုကို နှောင့်နှေးအောင်၊ ပျက်ပြားအောင် ဟန့်တား ဖျက်ဆီးနေတာနဲ့ အတူတူပါပဲ။ အကြမ်းဖက်မှုတွေ၊ ဆူပူမှုတွေအကြားမှာ ဒီမိုကရေစီကို ဘယ်လိုမှအောင်မြင်အောင် အကောင်အထည်ဖော်လို့မရနိုင်ဘူးဆိုတာ အားလုံးနားလည်ပြီး ဖြစ်ပါတယ်။

အချုပ်အားဖြင့်ပြောရရင် ကျွန်တော်တို့အားလုံးဟာ ပြည်သူ့ဆန္ဒနဲ့အညီ နိုင်ငံတည်ငြိမ်အေးချမ်းအောင်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ပြည်သူတစ်ဦးချင်းစီရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်၊ ဥပဒေနဲ့အညီလွတ်လပ်စွာ လုပ်ကိုင်နေထိုင် စွမ်းဆောင်ခွင့်ရရှိပြီး ပြည်သူအများရည်မှန်းတဲ့ ဒီမိုကရေစီပန်းတိုင်ကို မြန်မြန်မျက်မှောက်ပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ ထက်သန် တက်ကြွစွာ အသင့်ရှိနေကြပါပြီ။ ဒါကြောင့် ဒီအချက်တွေနဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတဲ့ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ ဖွံ့ဖြိုးတိုးတက်မှု ဆုတ်ယုတ်နိမ့်ပါးအောင်၊ ဒီမိုကရေစီပန်းတိုင်နှင့် အလှမ်းဝေးအောင် နှောင့်ယှက်ဖျက်ဆီးမှုတွေ၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး လုပ်ရပ်တွေ၊ သွေးထိုးလှုံ့ဆော်မှုတွေကို ပြည်သူ့အင်အားနဲ့ ဝိုင်းဝန်းဆန့်ကျင် ဖယ်ရှားသွားကြမှာသာဖြစ်ကြောင်း ပြည်သူ့ဆန္ဒကို ကိုယ်စားပြုရင်း အတိအလင်း ပြောလိုက်ပါရစေ။ ။

မြို့သစ်မြို့သာယာလှပရေး လုပ်ငန်းများဆောင်ရွက်

မြို့သစ် စက်တင်ဘာ ၁၈

မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့်အဖွဲ့သည် စက်တင်ဘာ ၅ရက်က မြို့သစ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်လျက်ရှိသည့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများ၊ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဇော်ဟန်တို့က ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။

(မြို့နယ်စည်ပင်)

မြန်မာ့ဟန်နှင့် မြန်မာ့ဓလေ့များ ပီပီပြင်ပြင်ဖော်ကျူးထားသည့် ပန်းချီပြပွဲ

ရန်ကုန် စက်တင်ဘာ ၁၈

ပန်းချီကားတစ်ချပ်ဟာ ခံစားမှုမပါဘဲ ခြယ်မှုန်းလို့မရတာမို့ ပန်းချီဆရာရဲ့ စိတ်ကူး၊ အရောင်သုံးစွဲမှု၊ အလင်းအားရယူမှုနဲ့ စုတ်ချက် အထိ၊ အတို့တွေနဲ့ပေါင်းစပ်လိုက်တဲ့အခါ ကြည့်သူရင်ကို လှုပ်ခတ်သွားနိုင်တဲ့အထိ စူးရှတဲ့ရသမျိုးပေးစွမ်းတဲ့ ပန်းချီကားတစ်ချပ်ဖြစ်လာပါတယ်။

အဲဒီလို ပန်းချီကားတွေချည်းစုစည်းပြသထားတဲ့"**ပန်းချီဉာဏ်ကျယ် တစ်ကိုယ်တော်ပြပွဲ**"လို့ အမည်ပေးထားတဲ့

ရေးဆွဲ

"မြန်မာနိုင်ငံအနှံ့ အပြားက ရှုခင်းတွေ၊ ဒေသခံ တိုင်းရင်းသားတွေရဲ့ ဝတ်စားဆင်ယင်မှုတွေကို ပြည်သူတွေ ရှုထောင့် အမြင်ဆန်းဆန်းနဲ့ မြင်တွေ့ခွင့် ရအောင် ရေးဆွဲပြသထားတာပါ"

ပန်းချီ-
ဦးဉာဏ်ကျယ်

ပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းမှာရှိတဲ့ မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များအစည်းအရုံး (ဗဟို)အနုပညာပြခန်းမှာ စက်တင်ဘာ ၁၂ရက်မှ ၂၀ရက်အထိ ခင်းကျင်းပြသထားပါတယ်။

အမြင်ဆန်းဆန်း

ပြခန်းအတွင်းမှာ အခရိုင်းလစ်နဲ့ ဆီဆေးပန်းချီကား ၄၅ကားကို ခင်းကျင်းပြသထားတာကို တွေ့ရပါတယ်။ ဒီပန်းချီကားတွေနဲ့ပတ်သက်ပြီး "မြန်မာနိုင်ငံအနှံ့ အပြားဒေသတွေက ရှုခင်းတွေ၊ ဒေသခံတိုင်းရင်းသားတွေရဲ့ဝတ်စားဆင်ယင်မှုတွေကို ပြည်သူတွေအနေနဲ့ရှုထောင့်အမြင်ဆန်းဆန်းနဲ့မြင်တွေ့ခွင့်ရအောင် ရေးဆွဲပြသထားတာပါ"လို့ ဒီပန်းချီပြပွဲကို တစ်ကိုယ်တော်ကျင်းပပြသတဲ့ ပန်းချီဉာဏ်ကျယ်က ပြောပြပါတယ်။

ဖွဲ့စည်းမှုအားကောင်း

ပန်းချီခန်းမအတွင်း ချိတ်ဆွဲပြသထားတဲ့ ပန်းချီကားတွေထဲမှာ **'အေးအတူပူအမျှ'** လို့ အမည်ပေးထားတဲ့ ပန်းချီကားကို လေ့လာကြည့်တဲ့အခါ အင်းတော်ကြီးအတွင်းမှာ ဝမ်းစာအတွက် လုပ်ကိုင်နေတဲ့ တံငါသည်တွေရဲ့ နေထိုင်လှုပ်ရှားမှုကို ဖော်ကျူးထားတဲ့ပုံဖြစ်ပါတယ်။ လှေ၊ တံငါသည်နဲ့ တဲ တွေဟာ ရေပြင်ပေါ်မှာ တည်ရှိနေမှုပုံကို အရောင်အား၊ အလင်းအားတွေနဲ့ ယူပြီး ခြယ်မှုန်းထားတာမို့ တကယ့်မြင်ကွင်းကို ကြည့်ရှုနေရသလိုပါပဲ။ စုတ်ချက် ညက်ပြီး ဖွဲ့စည်းမှုအားကောင်းတဲ့ ပန်းချီကား ဖြစ်ပါတယ်။

အခါတိုင်းရင်းသား

နောက်ထပ် စိတ်ဝင်စားစရာကောင်းတဲ့ ပန်းချီကားကတော့ ဆီဆေးနဲ့ ရေးဆွဲထားတဲ့**'အခါသားအမိ'**လို့ အမည်ပေးထားတဲ့ ပန်းချီကားပါပဲ။ ကျိုင်းတုံနဲ့ တာချီလိတ်မြို့အကြားမှာရှိတဲ့ အခါတိုင်းရင်းသားတွေ နေထိုင်တဲ့ရွာလေးမှာ မြင်တွေ့ခဲ့တဲ့ အခါသားအမိနှစ်ဦးရဲ့ ပုံရိပ်ပါပဲ။ အခါတိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ခေါင်းစွပ်တွေ ကိုယ်စီနဲ့ သားအမိနှစ်ဦးရဲ့ ထူးခြားတဲ့ မြင်ကွင်းဟာ ကြည့်သူကို အမြင်ဆန်းစေပါတယ်။ အခါတိုင်းရင်းသားတွေရဲ့ ရိုးရာခေါင်းစွပ်ကို အသေးစိတ်ပုံဖော် ရေးဆွဲထားတဲ့ စုတ်ချက်လက်ရာက မင်သက်မိစရာပါပဲ။

အမြင်အာရုံဖမ်းစား

ဒါ့အပြင် အမြင်ရိုးပေမယ့် ရေးဆွဲပုံဆန်းတဲ့ **'အိုးများ'**လို့ အမည်ပေးထားတဲ့ အခရိုင်းလစ်နဲ့ ရေးဆွဲထားတဲ့ ပန်းချီကားကလည်း လက်ရာမြောက်လှပါတယ်။ ရွှေဘိုမြို့နယ် ကျောက်မြောင်းကျေးရွာရဲ့ အိုးလုပ်ငန်းတစ်စိတ်တစ်ဒေသကို ဖွင့်လှစ်ပြသထားတဲ့ ပုံရိပ်ပါပဲ။ အိုးတွေအပေါ် အလင်းရောင်ကျရောက်နေပုံ၊ အိုးသမတစ်ဦးရဲ့ အိုးတွေကို ပြုပြင်နေပုံကို အလင်းအမှောင်အရောင်တွေနဲ့ ဟန်ချက်ညီညီ ဖော်ကျူးထားတာမို့ အကယ့်အိုးတွေအလား လက်နဲ့ ကိုင်ကြည့်ရတဲ့အထိ ကြည့်သူကို ဆွဲဆောင်မှုဖြစ်စေပါတယ်။ ရှုထောင့်လည်းကောင်းတဲ့အပြင် အမြင်အာရုံကို ဖမ်းစားနိုင်တဲ့ ပန်းချီကားတစ်ချပ်ပါပဲ။

လေ့လာသင့်

ခင်းကျင်းပြသထားတဲ့ ပန်းချီကားအားလုံးဟာ မြန်မာ့ဟန်၊ မြန်မာ့ဓလေ့တွေကို ပီပီပြင်ပြင် ဖော်ညွှန်းပြသနိုင်တာမို့ ဝါသနာရှင်များသွားရောက်လေ့လာသင့်ပါကြောင်း ပန်းချီအနုပညာသတင်း ဖြန့်ခင်းပေးလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

အနုပညာသတင်း - မိုးမြင့်လင်းလက်

ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ဗီဒီယိုလုပ်ငန်း လိုင်စင်များ လားရှိုးမြို့ပေါ်၌ နေ့ချင်းပြီး ထုတ်ပေး

လားရှိုး စက်တင်ဘာ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီ အတွင်းရေးမှူး ဦးလှကျော်ဦးသည် လားရှိုးမြို့ပေါ်ရပ်ကွက်ကြီးလေးခုတွင် ဗီဒီယိုလုပ်ငန်းလိုင်စင်တို့အား ရပ်ကွက်များအတွင်း ကွင်းဆင်းစစ်ဆေးပြီးထုတ်ပေးခဲ့သည်။

ကွင်းဆင်း စစ်ဆေးရေးအဖွဲ့ကို မန္တလေးမြို့ မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာနိုင်ငံရုံးခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး (ငွေစာရင်း) ဦးအေးကျော်တို့က အနီးကပ်ကြီးကြပ် ဆောင်ရွက်သည်။ ယင်းအဖွဲ့တွင် ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ၊ မြို့နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့တို့ ပံ့ပိုးကူညီမှုဖြင့်ဆောင်ရွက်ကြသည်။ **(မြန်မာ့အလင်း)**

** ကျောဖုံးမှ*

ငလျင်အလွှာကိုသိပ္ပံပညာရှင်များက လစ်သိုစဖီးယား (Lithosphere) လွှာဟူ၍ ခေါ်ဆိုကြသည်။ ယင်းလစ်သိုစဖီးယားလွှာသည် ကမ္ဘာ့မြေထုအတွင်း လှုပ်ရှားလာသဖြင့် မာကျောသည့် ကျောက်သားလွှာများ(Plates)အဖြစ် ပြိုကွဲသွားသည်။ ထို့နောက် ကမ္ဘာ့ကြားလွှာအတွင်းရှိ အပူစီးကြောင်းများကြောင့် ကျောက်သားလွှာများ လားရာအမျိုးမျိုးသို့ ရွေ့လျားစေသည်။ မြေငလျင်လှုပ်မှုအများဆုံးကို ကျောက်သားလွှာများ၏ အနားသတ်နယ်နိမိတ်များ၌ တွေ့ရသည်။

ကျောက်သားလွှာများ ထူထပ်စွာ ဖုံးအုပ်တည်ရှိနေသောနေရာမှ တစ်ခုသောကျောက်သားလွှာ(Plate)သည် အခြားကျောက်သားလွှာအောက်သို့ တဖြည်းဖြည်းတိုးဝင်သွားသည်။ ယင်းနေရာသည် သက်တမ်းအားဖြင့် နှစ်ထောင်ချီရှိသည်။ ထိုသို့ တိုး၍ဝင်ရောက်စဉ် ကျောက်သားလွှာများ အချင်းချင်းပြင်းထန်စွာ တိုက်မိသောနေရာ၌ ကျောက်သားလွှာများ အပေါ်သို့မို့မောက်လာပြီး တောင်ကုန်းတောင်တန်းများ ဖြစ်ပေါ်လာရသည်။

အချင်းချင်းတွန်းကန်

မာကျောသည့်ကျောက်သားလွှာများ အချင်းချင်းတွန်းကန်မှုကြောင့် ကမ္ဘာ့ကြားလွှာအတွင်း ချော်ရည်ပူများထွက်လာပြီး ထိပ်အုပ်လွှာအပိုင်းသစ်များ ဖြစ်ပေါ်လာစေရန် အေးခဲသွားသည်။ ထိုသို့ တွန်းကန်ရာမှ ဖြာထွက်လာသော ကျောက်သားလွှာ အနားသတ် နယ်နိမိတ်များကို မကြာခဏ ရေအောက်လွှာ၌ တွေ့ရလေ့ရှိသည်။ အချို့ကျောက်သားလွှာများသည် တစ်ခုနှင့်တစ်ခု ဘေးတိုက် နှေးကွေးစွာ ရွေ့လျားသည်။ ထိပ်အုပ်လွှာသည် ဆန့်ကျင်ဘက်လားရာများသို့ ရွေ့လျားသွားသဖြင့် ကျောက်သားလွှာ၏ အစွန်းများ၌ ပြတ်ရွေ့များ(Faults)ကို တွေ့ရသည်။

အဆိုပါဖြစ်စဉ်တွင် အချို့ကျောက်သားလွှာများအတွင်း သော့ခတ်ထားသကဲ့သို့ ရွေ့လျားခြင်းမပြုနိုင်ဘဲရှိသည်။ ယင်းကဲ့သို့ အသေဖြစ်နေသော ကျောက်သားလွှာများအတွင်း ရွေ့လျားစွမ်းအင်ဖြင့် ဖွဲ့စည်းတည်ရှိနေသည်။ ၄င်းကျောက်သားလွှာသည် မြေငလျင်လှုပ်နိုင်သည့် သိုလှောင်စွမ်းအင်တစ်ခုကို ထုတ်လွှတ်ပေးသည်။

မြေငလျင်၏မူလအစမှတ်သည် ယင်းမြေငလျင်လှုပ်သည့် မြေမျက်နှာပြင်၏ အောက်တည့်တည့်၌ရှိသည့် ယင်းမူလအစအမှတ်နေရာကို ဟိုက်ပိုစင်တာ (hypocentre) ဟုခေါ်သည်။

ဖြာထွက်

မြေငလျင်တစ်ခုလှုပ်သည့်အခါ စွမ်းအင်လှိုင်းများထွက်ပေါ်လာသည်။ ယင်းတို့မှာ ပီလှိုင်းအလျားနှင့် အက်စ်လှိုင်းအလျားတို့ ဖြစ်သည်။ လှိုင်းအလျားမျက်နှာပြင်သည် ဟိုက်ပိုစင်တာ၏ အထက်ဗဟိုချက်မမှ ဖြာထွက်လာသည်။

မြေငလျင်လှုပ်ရှားမှုမှာ နှစ်မျိုးနှစ်စားဖြစ်သည်။ ယင်းတို့မှာ အပေါ်အောက်လှိုင်း ရွေ့လျားခြင်းနှင့် အလျားလိုက်ရွေ့လျားခြင်းတို့ဖြစ်သည်။ ယင်းမြေငလျင်နှစ်မျိုးစလုံးမှာ ကြီးမားသော အဆောက်အအုံများကို ပျက်စီးနိုင်သည်။ မြေငလျင်ကို ရစ်ချ်တာစကေးဖြင့် တိုင်းတာသည်။ ရစ်ချ်တာစကေး ၆နှင့် ၇ကြားတွင် ကြီးမားသော ငလျင်ကြီးများဖြစ်ပေါ်နိုင်သည်။ သို့သော် ငလျင်ဗဟိုချက်မနှင့် လူနေအိမ်များနီးလျှင် ပျက်စီးမှုများပြားနိုင်ကြောင်း အဆိုးရွားဆုံးသဘာဝဘေးအန္တရာယ်ကြီးများအနက် မြေငလျင်အကြောင်းကို ဗဟုသုတဖြစ်ဖွယ်ရာအဖြစ် ရေးသားဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-အင်တာနက်စာမျက်နှာ

ဟောပြော

စက်တင်ဘာ ၁၆ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကမာရွတ်မြို့နယ်ရုံးမှ ကြီးမှူး၍ စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်နှင့် ဟောပြောပွဲကို (အထက-၁) ကမာရွတ် ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ် ဦးစီးမှူး ဒေါ်တင်တင်ဦးက ရည်မှန်းချက် ရှိရမည် ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။

(မြို့နယ် ပြန်/ဆက်)

စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် စက်မှုဇုန်များမှ ကော်မတီဝင်များ၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၅ရက် မွန်းတည့် ၁၂နာရီက နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီးဦးအောင်သောင်း၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ဗိုလ်ချုပ်ကျော်စွာခိုင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသူရဦးသောင်းလွင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း**(အောက်ပုံ)**က အမှာစကား ပြောကြားသည်။

ဆက်လက်၍ အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ဗိုလ်ချုပ်ကျော်စွာခိုင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း အတွင်းရေးမှူး ဦးဇော်မင်းဝင်းတို့က စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးတင်ပြကြပြီး အစည်းအဝေး ပထမနေ့အစီအစဉ်ကို ရပ်နားသည်။

စက်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစည်းအဝေး၏ ဒုတိယနေ့အစီအစဉ်ကို စက်တင်ဘာ ၁၇ရက် နံနက် ၉နာရီက ဆက်လက်ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအေးက စက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ဗိုလ်မှူးကြီးဘဏ်ထွန်းဦးက မြန်မာနိုင်ငံရှိ စက်မှုဇုန်များမှ ထုတ်လုပ်သည့် သံချောင်းများ အရည်အသွေး တိုးတက် မြင့်မားရေးဆိုင်ရာကို လည်းကောင်း၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထိန်လင်းက AFTA အကောင်အထည်ဖော်မှုအစီအစဉ်နှင့် မြန်မာနိုင်ငံအသေးစားနှင့် အလတ်စားလုပ်ငန်းများ မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာချုပ် ဦးမြင့်ဝင်းက စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်စက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုလည်းကောင်း၊ ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်စိုးက စက်မှုထုတ်ကုန် တိုးမြှင့်တင်ပို့ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ဒေါက်တာသက်မျိုးက မလေးရှားနိုင်ငံ၏ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများအကြောင်းကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ စက်မှုဇုန်များမှ တာဝန်ရှိသူများက စက်မှုဇုန်အလိုက် ဆောင်ရွက်ထားရှိမှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း အမျိုးသမီးအသင်းအား ဂုဏ်ပြုပွဲနှင့် ထူးချွန်အားကစားသမားများအား ဆုချီးမြှင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး တက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၈

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် စက်တင်ဘာ ၉ရက်က မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် (၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲတွင် အောင်ပွဲရ စစ်ကိုင်းတိုင်း အမျိုးသမီးအသင်းအား ဂုဏ်ပြုပွဲနှင့် ထူးချွန်အားကစားသမားများအား ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ ၂၀၀၇ခုနှစ် အောင်ပွဲရ စစ်ကိုင်းတိုင်း ပိုက်ကျော်ခြင်းအသင်းနှင့် ၂၀၀၈ခုနှစ် အောင်ပွဲရ စစ်ကိုင်းတိုင်း အမျိုးသမီး ဘတ်စကက်ဘောအသင်းတို့မှ တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းများနှင့် ဆင့်ပွားဒိုင်းများကို တိုင်းမှူးထံ အပ်နှံကြပြီး တိုင်းမှူးက ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)(သတင်းစဉ်)**

နိုင်ငံသားစိစစ်ရေးကတ်များ ဥပဒေနှင့်အညီ အမြန်ရရှိရေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်သည် စက်တင်ဘာ ၁၄ရက်က ကျိုက်ထိုမြို့ မြို့နယ်ဦးစီးဌာနမှူးရုံးခန်း၌ ပြည်နယ်၊မြို့နယ် ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး နိုင်ငံသားစိစစ်ရေးကတ်၊ အမျိုးသားမှတ်ပုံတင်ကတ်ပြုလုပ်ပေးရာ၌ ဥပဒေနှင့်အညီ အမြန်ဆုံးရရှိရေး ဆောင်ရွက်ပေးရန် အသေးစိတ် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းမှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဘီးလင်းမြို့ မြို့နယ်ရုံးခန်းမ၌ ဝန်ထမ်းများအားလည်းကောင်း၊ သထုံခရိုင်ဦးစီးဌာနမှူးရုံးခန်းမ၌ ပြည်နယ်၊ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မော်လမြိုင်မြို့ ပြည်နယ်ဦးစီးဌာနမှူးရုံးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ စက်တင်ဘာ ၁၅ရက်တွင် သံဖြူဇရပ်မြို့နယ် မြို့နယ်ရုံးခန်း၌ ဝန်ထမ်းများအားလည်းကောင်း၊ ရေးမြို့နယ်ရုံး၌ မြို့နယ်၊ မြို့ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအားလည်းကောင်း တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို အသေးစိတ် ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်တင်ဘာ ၁၃ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)အခမ်းအနားတွင်ဗဟို အလုပ်အမှုဆောင်ဒဂုံမြို့သစ်(တောင်ပိုင်း) နယ်မြေတာဝန်ခံ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် (၆၄)ရပ်ကွက်နေ မနန်းသန္တာထွေးအား ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာပေးအပ်စဉ်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေး)

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အရန်သားဖွားဆရာမ မွမ်းမံသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားဆရာမ မွမ်းမံသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံခန်းမဆောင်၌ ကျင်းပသည်။

သင်တန်းဖွင့်အမှာစကား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ကော့မှူးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်းက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်သည်။ ဆက်လက်၍ ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာဒေါ်နှင်းသန္တာက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌသည်ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးဝါးကုသနေသော လူနာများအား ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများနှင့် ကိုယ်ဝန်ဆောင် မိခင်များအား သံဓာတ်အားဆေး၊ အိုင်အိုဒင်းဆားနှင့် အာဟာရပစ္စည်းများ ပေးအပ်သည်။**(အောက်ပုံ)(ခရိုင် ပြန်/ဆက်)**

မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဒလမြို့နယ်တွင် ရှင်းလင်းဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ အန္တရာယ်ရှိ ကိုယ်ဝန်ပျက်ကျမှု ကာကွယ်ရေးလုပ်ငန်း စီမံချက်စေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံရှင်းလင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ရက် နံနက် ၉ နာရီက ဒလမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

အမှာစကားပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးလှမြင့်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်စန်းစန်းဝင်းတို့က လုပ်ငန်းစီမံချက်ကို ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒလမြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နန်းလှထွေးက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ အာဟာရပစ္စည်းများကို ဒလမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အထက(၉) မော်လမြိုင် (ယခင် ရှင်မဟာဗုဒ္ဓဃောသ အမျိုးသားကျောင်း) တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၈

အထက(၉) မော်လမြိုင် (ယခင် ရှင်မဟာဗုဒ္ဓဃောသ အမျိုးသားကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ အငြိမ်းစားယူသွားခဲ့ပြီဖြစ်သည့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် လုပ်သက်အနှစ်(၂၀)နှင့် အထက်ရှိပြီး လက်ရှိတာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများအား အောက်တိုဘာ ၅ရက် (ကမ္ဘာ့ဆရာများနေ့)တွင် တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနား၌ ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ သက်ဆိုင်ရာ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသူ ကျောင်းသားဟောင်းများသည် ဒေါ်မြင့်မြင့်ရီ (ကျောင်းအုပ်ကြီး) အထက (၉) ဖုန်း-၀၅၇-၂၇၀၇၀၊ ဒေါ်သီတာကြည် ဖုန်း-၀၅၇-၂၆၀၉၇၊ ဒေါ်မြမြလေး ဖုန်း-၀၅၇-၂၂၉၄၆၊ ဦးကြည်သိန်း ဖုန်း-၀၉-၅၂-၀၁၄၈၁နှင့် မအိအိနွယ် ဖုန်း-၀၁-၂၀၀၇၄၇ လိုင်းခွဲ-၂၀၂၇၊ ၀၉-၅၁-၄၄၇၈၄ တို့သို့ အကြောင်းကြား ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

■ *ရှေ့ဖုံးမှ*

ဖွင့်လှစ်

ယင်းနောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာကျော်မြင့်နှင့်အေးရှားဝေါလ်ကုမ္ပဏီဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်တို့က တိုက်နယ်ဆေးရုံဖွင့်ပွဲမှခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က တိုက်နယ်ဆေးရုံကမ္ပည်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ရွှေတောင်အုပ်စု အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ဇော်နိုင်က တိုက်နယ်ဆေးရုံအတွက် ဆေးရုံသုံးခုတင်များ၊ ပရိဘောဂများ၊ ဆေးရုံသုံးပစ္စည်းများ၊ ဆေးဝါးများနှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကိုလည်းကောင်း၊ မြန်ရွှေပြည်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက တိုက်နယ်ဆေးရုံအဆောက်အအုံနှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို လည်းကောင်း ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်ထံ လွှဲပြောင်းပေးအပ်ကြသည်။

ကမ္ဘာ့ဆန်းဆိုဖလားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အဖွဲ့ တရုတ်သို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၈

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Harbin မြို့တွင် စက်တင်ဘာ ၁၉ရက်မှ ၂၁ရက်အထိ ကျင်းပမည့် (၄)ကြိမ်မြောက် ကမ္ဘာ့ဆန်းဆိုဖလားပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် ဆန်းဆို(ဝူရှူး) အားကစားအဖွဲ့သည် စက်တင်ဘာ ၁၆ရက် ညက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး ဦးခွန်ဂျာအောင်နှင့် တာဝန်ရှိသူများ၊ မိဘဆွေမျိုးများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

လိုက်ပါ

အဆိုပါ အားကစားအဖွဲ့တွင် အုပ်ချုပ်သူ ဦးလခွန်လ၊ နည်းပြ ဦးထွန်းထွန်းဦး၊ ကစားသမားများအဖြစ် မောင်စောကျော်စိုးမိုး ၅၂ကီလို၊ မနော်မာထွန်း ၄၈ကီလိုတို့ လိုက်ပါသွားကြသည်။

ယင်းပြိုင်ပွဲအား (၉)ကြိမ်မြောက် ကမ္ဘာ့ဝူရှူးပြိုင်ပွဲမှ လက်ရည်စစ်ပွဲအောင်မြင်သူများသာ ယှဉ်ပြိုင်ခွင့်ရရှိပြီး တတိယအကြိမ် ကမ္ဘာ့ဆန်းဆိုဖလားပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ တစ်ဦး ယှဉ်ပြိုင်ခဲ့ကာ တတိယကြေးတံဆိပ် တစ်ခုရရှိခဲ့သည်။

(မြန်မာ့အလင်း)

မြစ်ကြီးနား စက်တင်ဘာ ၁၈

ကချင်ပြည်နယ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ရက် နံနက် ၈နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကချင်ပြည်နယ် (၁၆) ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မောင်မောင်လွင်က (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုရရှိမှုနှင့် (၁၆) ကြိမ်မြောက် ပြိုင်ပွဲဝင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကချင်ပြည်နယ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း ဖွင့်လှစ်ပေး

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးလိုက်ပြီးနောက် ပြိုင်ပွဲဝင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ **(ပြည်နယ် ပြန်/ဆက်)**

ဘုတလင်မြို့၌ မြေယာရှင်းအလှဆင်

ဘုတလင် စက်တင်ဘာ ၁၈

ဘုတလင်မြို့နယ်သာယာလှပရေးအတွက် စက်တင်ဘာ ၈ရက်က ရေဦးမြို့ထွက် မြို့အဝင် မုခ်ဦးဆိုင်းဘုတ်တွင် မြေယာရှင်းအလှ ပြင်ဆင်ခြင်းလုပ်ငန်းကို အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဝင်းဆန်းက ကြီးကြပ်ဆောင်ရွက်ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

● *ကျောဖုံးမှ*

တပ်မတော်ကြည်းအသင်းကို အခုလိုပဲအနိုင်ရဖို့ ခက်ခက်ခဲခဲ ကစားခဲ့ရပြီး ပွဲပြီးခါနီးမှာသွင်းတဲ့ဂိုးနဲ့ပဲ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ချေပဂိုး

အဆင့်မြင့်တန်းကို တစ်ကျော့ပြန် ခြေချလာတဲ့ ဆက်သွယ်ရေးအသင်းမှာ ပွဲဦးထွက် အရှုံးနှင့် ရင်ဆိုင်ခဲ့ရပေမယ့် အသင်းကြီးဖြစ်တဲ့ ဘဏ္ဍာ/အခွန်အသင်းကို ခြေရည်တူ လိုက်ကစားနိုင်ခဲ့ပါတယ်။ အထူးသဖြင့် တိုက်စစ်မှူး သုနောင် ဝင်လာပြီးနောက်ပိုင်းမှာ ကစားပုံပိုကောင်းလာပြီး ချေပဂိုး ပြန်လည်သွင်းယူနိုင်သည် အထိ ကစားပုံကောင်းလာတာ တွေ့ရပါတယ်။

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းကတော့ ရန်ပိုင်နေရာမှာ ကျော်သူရ၊ စိုးလင်းထွန်း နေရာမှာ ကျော်ကျော်ခိုင်တို့ကို ထည့်သွင်းအသုံးပြုခဲ့တာကလွဲရင် မြန်မာလိဂ် ဖွင့်ပွဲ ဘောလုံးပြိုင်ပွဲ၌ ကမ္ဘောဇနဲ့ ကစားခဲ့တဲ့ လူစာရင်းအတိုင်းပဲ ပွဲထွက်ခဲ့ပါတယ်။ ဘဏ္ဍာ/ အခွန်အသင်းဟာ ဆက်သွယ်ရေးဘက် ကို ဖိကစားနိုင်ခဲ့ပေမယ့် တိုက်စစ်မှာ အချိတ်အဆက် လွဲနေတာကြောင့် ဂိုးရဖို့ ခက်ခဲနေခဲ့ရပါတယ်။ ၁၄ မိနစ်မှာ ပြစ်ဒဏ်ဘောက လျှံထွက်လာတဲ့ဘောလုံးကို ကျော်သူရ ပိတ်သွင်းခဲ့လို့ ဘဏ္ဍာ/အခွန် ဂိုးစရခဲ့ပါတယ်။ ပွဲကို အပြောင်းအလဲ ဖြစ်စေတာကတော့ ၂၃ မိနစ်မှာ သုနောင် ဝင်လာပြီး ဆက်သွယ်ရေးကစားပုံ ပိုကောင်းလာတာပါပဲ။ ဆက်သွယ်ရေးအတွက် ချေပဂိုးကတော့ ၂၅ မိနစ်မှာ ချိုသဲမောင်က သွင်းယူပေးခဲ့ပါတယ်။ ချိုသဲမောင်ဟာ ရာသီမစခင်က Royal Eleven အသင်းကနေ ပြောင်းရွှေ့လာတဲ့ ကစားသမား တစ်ဦးဖြစ်ပါတယ်။

စိုးမြတ်မင်း

အဲဒီနောက်ပိုင်းမှာ ဘဏ္ဍာ/အခွန်အသင်းဟာ အနိုင်ဂိုး ရဖို့ ကြိုးစားခဲ့ပေမယ့် တော်တော်နဲ့ ဂိုးမရခဲ့ပါဘူး။ ထွန်းထွန်းဝင်း အစား စိုးလင်းထွန်း၊ ကျော်ကျော်ခိုင် အစား ကျော်ကျော်စိုးတို့ကို ထည့်သွင်းကစားခဲ့ပေမယ့် တိုက်စစ်အား တက်မလာပါဘူး။ ဘဏ္ဍာ/အခွန် အတွက် သုံးမှတ်အပြည့်ရစေမယ့် အနိုင်ဂိုးကတော့ ၈၅မိနစ်မှာ အသင်းခေါင်းဆောင် စိုးမြတ်မင်းက ကန်သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

၁၈-၉-၂၀၀၈

စီးပွား/ကူးသန်း-သုံးဂိုး ပြည်ထဲရေး-တစ်ဂိုး

စီးပွား/ကူးသန်း အသင်းဟာ ပြည်ထဲရေးအသင်းကို ခြေအသာနဲ့ မကစားနိုင်ခဲ့သလို ပြည်ထဲရေးအသင်းရဲ့ ကစားသမားတွေ ကိုယ့်ဂိုးကိုယ် သွင်းမိပြီး လက်ဆောင်ဂိုး နှစ်ဂိုးမရခဲ့ရင် အနိုင်ရဖို့ခက်ခဲသွားနိုင်ပါတယ်။ ပြည်ထဲရေးအသင်းဟာ ဦးဆောင်ဂိုး စသွင်းနိုင်ပေမယ့် အနိုင်ကိုမထိန်းနိုင်ခဲ့တာကြောင့် အရှုံးနဲ့ ရင်ဆိုင်ခဲ့ရတာ ဖြစ်ပါတယ်။

စီးပွား/ကူးသန်းအသင်းမှာဗီယက်နမ်ယူ-၂၁ဖိတ်ခေါ်ပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်တဲ့ သီဟစည်သူနဲ့ မျိုးဇော်ထွန်းတို့ကလွဲရင် လူစုံနီးပါး ပါဝင်ခဲ့သလို ပြည်ထဲရေးအသင်းမှာလည်း လက်ရွေးစင် တိုက်စစ်မှူးစည်သူဝင်း အပါအဝင် ချစ်ကိုကို၊ ဇော်လင်းထွန်းတို့နဲ့ လူစုံခဲ့ပါတယ်။ နောက်တန်းမှာ ကစားနေကြတဲ့ ဇော်လင်းထွန်းကတော့ ကျောနံပါတ် ၉ ဝတ်ဆင်ပြီး ရှေ့တန်းမှာ စည်သူဝင်းနဲ့ တွဲကစားသွားတာကို တွေ့ရပါတယ်။

နှစ်ဂိုး-တစ်ဂိုး

မျိုးမင်းထွန်း၊ ရာဇာဝင်းသိန်း၊ ဘိုဘိုအောင်တို့ရဲ့ တိုက်စစ်တွဲလုံးဟာ ပွဲစကတည်းက ပြည်ထဲရေးဘက်ကို ခြိမ်းခြောက်နိုင်ခဲ့ပေမယ့် ဂိုးစရသွားတာကတော့ ပြည်ထဲရေးပဲ ဖြစ်ပါတယ်။ ၁၀ မိနစ်မှာ စီးပွား/ကူးသန်း နောက်တန်းရဲ့ လူကပ်ကစားတာ အားနည်းမှုကနေ ဇော်လင်းထွန်း ပေးတာကို စိုးငြိမ်းက သွင်းယူပေးတာ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ စီးပွား/ကူးသန်း ချေပဂိုးပြန်ရဖို့ တိုက်စစ် ပြန်ဆင်လာပေမယ့် အဆုံးသတ်အားနည်းတာရယ်၊ ကန်သွင်းချက်တွေတိုင်ထိ၊ ဘားထိ ဖြစ်နေတာကြောင့် ချေပဂိုး ရမလိုနဲ့ဝေးနေရပါတယ်။ဒါပေမယ့် စီးပွား/ကူးသန်းအသင်း ကံကောင်းသွားတာကတော့ ပြည်ထဲရေး နောက်ခံလူတွေ ဖျက်ထုတ်မှုကနေ ကိုယ့်ဂိုးကိုယ် သွင်းမိသွားတာပါပဲ။ ၁၄မိနစ်မှာ ဟန်ထွန်းနဲ့မျိုးမင်းထွန်းရဲ့ ဖြတ်တင်ဘောကို ဖျက်ထုတ်ရာမှာ ကိုယ့်ဂိုးကိုယ် ဝင်သွားပြီး ချေပဂိုး ပြန်ပေးလိုက်ရပါတယ်။ ၃၆မိနစ်မှာလည်း အဖွင့်ဂိုး သွင်းထားတဲ့ စိုးငြိမ်း စီးပွား/ကူးသန်းက ကျော်ဇင်ဝင်းရဲ့ ကန်သွင်းမှုကို ဟန့်တားရင်း ကိုယ့်ဂိုးကိုယ် သွင်းမိတာကြောင့် စီးပွား/ကူးသန်း နှစ်ဂိုး-တစ်ဂိုးနဲ့ ပြန်အနိုင်ရသွားပါတယ်။

ဘိုဘိုအောင်သွင်းယူ

ဒုတိယပိုင်းမှာလည်း စီးပွား/ကူးသန်းဟာ ပြည်ထဲရေးကို အသာမရခဲ့ပါဘူး။ အထူးသဖြင့် တိုက်စစ်ကျရင် အပေးအယူတွေ လွဲနေတာ၊ ဖြတ်တင်ဘောတွေ မထိရောက်ခဲ့လို့ စီးပွား/ကူးသန်း ဂိုးရဖို့ခက်ခဲခဲ့ရပါတယ်။ ပြီးခဲ့တဲ့ ကွင်းပိတ်ပြိုင်ပွဲမှာ အကြိုဗိုလ်လုပွဲ အဆင့်အထိရောက်ရှိအောင် အဓိကစွမ်းဆောင်ပေးခဲ့တဲ့ စည်သူဝင်း ဒီနေ့ပွဲမှာ ခြေမပေါ်ပါဘူး။ စီးပွား/ကူးသန်းအတွက် ပွဲသိမ်းဂိုးကို ၈၈ မိနစ်မှာ ဘိုဘိုအောင်ကသွင်းယူခဲ့ပြီး ပြည်ထဲရေးနောက်ခံလူနဲ့ထိပြီး ဝင်သွားခဲ့တာ ဖြစ်ပါတယ်။ ။

ယနေ့ပွဲ

ညနေ ၃ နာရီခွဲ

(အောင်ဆန်းကွင်း)

ကာကွယ်ရေးဝန်ကြီးဌာနနှင့် စွမ်းအင်၊

(သုဝဏ္ဏကွင်း)

ပို့ဆောင်ရေးနှင့် လယ်ယာ/ဆည်မြောင်း။

(မြန်မာ့အလင်း)

စီးပွား/ကူးသန်းမှ ကျော်ဇင်ဝင်း ပြည်ထဲရေးကစားသမားနှစ်ဦးကြားမှ ခေါင်းတိုက်ဂိုးသွင်းယူရန် ကြိုးစားခဲ့စဉ်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက်ဖောင်ပိတ်သတင်း

အီရန်တောင်ပိုင်း၌ငလျင်လှုပ်၊ နေအိမ်များပျက်စီး

တီဟီရန် စက်တင်ဘာ ၁၈

အီရန်နိုင်ငံ တောင်ပိုင်းတွင် စက်တင်ဘာ၁၈ရက်က ရစ်ချ်တာစကေး ၆ဒသမ ၁အင်အားရှိ ငလျင်လှုပ်သွားကြောင်း အီရန် မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

ထွက်ပြေး

အဆိုပါငလျင်သည် အီရန်တောင်ပိုင်း ဘန်ဒါအက်ဘတ်စ်မြို့အနီးကမ်းလွန်တွင် ဗဟိုပြုလှုပ်သွားခြင်းဖြစ်ရာ နေအိမ်အချို့ ပျက်စီးကာ **(အောက်ပုံ)** ဓာတ်ကြိုးများပြတ်တောက်သွားခဲ့ကြောင်း၊ မြို့သူမြို့သား အများအပြား လမ်းမများပေါ် ထွက်ပြေးခဲ့ကြရကြောင်းသိရသည်။

အိန္ဒိယအနောက်ပိုင်း၌ ရေလွှမ်းမှုဖြစ်ပွား ကျေးရွာပေါင်း ၃၀ခန့် ရေဘေးဒုက္ခကြုံတွေ့

နယူးဒေလီ စက်တင်ဘာ ၁၈

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်တွင် စက်တင်ဘာ၁၈ရက် နံနက်က မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေလွှမ်းမှုများဖြစ်ပေါ်လျက်ရှိကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။ (အပေါ်ပုံ)

အဆိုးရွားဆုံး

ထိုသို့ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများ ဆိုးရွားစွာဖြစ်ပေါ်ခဲ့သဖြင့် ကျေးရွာပေါင်း ၃၀ခန့် ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း၊ ယခုရေလွှမ်းမှုသည် ဂူဂျာရတ်ပြည်နယ်၌ နှစ်ပေါင်း ၄၀အတွင်း အဆိုးရွားဆုံး ရေလွှမ်းမှုပင်ဖြစ်ကြောင်း သိရသည်။

အမေရိကန်၌ တောမီးလောင်ကျွမ်း သစ်တော ဟက်တာ ၄၀၀ကျော် မီးဘေးသင့်ခံရ

ဘင့် စက်တင်ဘာ ၁၈

အမေရိကန်နိုင်ငံဘင့်မြို့ အနောက်တောင်ဘက်တွင် စက်တင်ဘာ၁၈ရက်နံနက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာ အနီးဝန်းကျင်၌ နေထိုင်သောဒေသခံ ၁၀၀၀ကျော်အား အရေးပေါ်ရွှေ့ပြောင်းပေးခဲ့ရကြောင်း အမေရိကန် အမျိုးသားသဘာဝဘေးဆိုင်ရာအရာရှိများက ပြောကြားသည်။

အဆိုပါတောမီးမှာ လေပြင်းများတိုက်ခတ်နေသဖြင့် ကူးစက်လောင်ကျွမ်းလျက်ရှိရာ သစ်တောဧရိယာ ဟက်တာ ၄၀၀ကျော် မီးလောင်ကျွမ်းခဲ့ရကြောင်း၊ မီးသတ်သမားများက ကြိုးစားမီးငြိမ်းသတ်ရကြောင်း ၎င်းတို့ကပြောကြားသည်။

မွန်တိုင်းသင့်ဒေသ စာသင်ကျောင်းများပြုပြင်ဆောက်လုပ်ရေး ညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၁၈

မုန်တိုင်းသင့်ဒေသရှိ စာသင်ကျောင်းများ ပြုပြင်ဆောက်လုပ်ရန်နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၆ရက် နံနက် ၉နာရီခွဲက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မုန်တိုင်းသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် UN Agency နှင့် INGOs၊ NGOs တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ**(အောက်ပုံ)**က အမှာစကားပြောကြားရာတွင် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အရေးပေါ်ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းရပ်များကို အစီအစဉ်(၃)ရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မုန်တိုင်းသင့်ဒေသများ၌ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ စာသင်ကျောင်းများ ပြန်လည်ဆောက်လုပ်ရေးနှင့်စပ်လျဉ်း၍ ယာယီစာသင်ကျောင်းမှ အမြဲတမ်းစာသင်ကျောင်းအဖြစ် ကူးပြောင်းဆောက်လုပ်လျက်ရှိကြောင်း၊ ယခုအခါ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက စာသင်ကျောင်း ၇၄ကျောင်း ဆောက်လုပ်ရန် ကမ်းလှမ်းလာသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ INGOs၊ NGOs တို့က မိမိတို့အဖွဲ့အစည်းလိုက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်းရဲတပ်ဖွဲ့၏ ၂၀၀၈ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၆ရက် မွန်းလွဲ ၁နာရီက ရန်ကုန်တိုင်း ကျောက်တံတား မြို့နယ်ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်**(အပေါ်ပုံ)**က အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တို့၏ မှာကြားချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ နိုင်ငံဖြတ်ကျော်တာဝန်ခံအရာရှိ မူးယစ်(အထူး)တာဝန်ခံအရာရှိများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများနှင့် ယာဉ်ထိန်း/ကြိုးမဲ့တပ်ဖွဲ့မှူးတို့က လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၅ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများအား တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များကို နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြရေး၊ ပြည်သူအပေါ် စေတနာထားကာ ဆက်ဆံရေးပြေပြစ်ကောင်းမွန်စွာ ဆောင်ရွက်ကြရေးမှာကြားပြီး မှတ်ပုံတင်စာအုပ်များ၊ လုပ်ငန်းသုံးပုံစံများ ပြသထားရှိမှုနှင့် မှတ်တမ်းခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တောင်ဥက္ကလာပ

မွန်းလွဲပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ရောက်ရှိ၍ ဝန်ထမ်းများအား တွေ့ဆုံမှာကြားပြီး မှတ်တမ်းခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ရမည်းသင်း-ရွှေမြင်တင် ကျေးလက်လမ်းစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ဩဂုတ်၂၁ရက်က ရမည်းသင်းမြို့နယ် ရမည်းသင်း-ရွှေမြင်တင် ကျေးလက်လမ်း ရှင်းလင်းဆောင်ရွက်မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးလှမျိုးက ရမည်းသင်း-ရွှေမြင်တင် ကျေးလက်လမ်း ပြင်ဆင်ထိန်းသိမ်းမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရမည်းသင်း-ရွှေမြင်တင်ကျေးလက်လမ်း တစ်လျှောက်၌ ပျက်စီးသည့်အပိုင်းများကိုလည်းကောင်း၊ ရမည်းသင်းမြို့ပေါ်သို့ ရေဖြန့်ဝေပေးနေသော သိမ်ကုန်းရေစက်ရုံများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

ဒေးဒရဲမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ကျင်းပ

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် စက်တင်ဘာ ၁၄ရက် နံနက်ပိုင်းက ဒေးဒရဲမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသော ဒေးဒရဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)သို့ တက်ရောက်အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများအားဆုများပေးအပ် ချီးမြှင့်သည်။**(ယာပုံ)**

ထောက်ပံ့ပေးအပ်

ထို့နောက် ဝန်ကြီးသည် စက်တင်ဘာ ၁၅ရက် နံနက်ပိုင်းက ဒေးဒရဲမြို့နယ် နေရောင်ကာကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုပြီး စာသင်ကျောင်းဆောင်ထပ်မံဆောက်လုပ်ရန်အတွက် ထောက်ပံ့ငွေကျပ် ၁၀သိန်းကို ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် တိုက်နယ်ဆေးရုံသို့ သွားရောက်၍ လေဘေးဒဏ်ကြောင့်ပျက်စီးသွားသော အမျိုးသမီးလူနာဆောင်နှင့် ခွဲစိတ်ဆောင်တို့ကို ကြည့်ရှုပြီး ခွဲစိတ်ခန်းသုံးပစ္စည်းများ ပြုပြင်ရန် ငွေကျပ် ၁၀သိန်းကို ပေးအပ်ကာ ဆေးရုံရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိ ရပ်ဖများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်ထိုမြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

ကျိုက်ထိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၈)ကို စက်တင်ဘာ ၉ရက်က ကျိုက်ထိုမြို့ရှိ မြို့နယ်အသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ ကျိုက်ထိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးခင်အောင်က အမှာစကားပြောကြားသည်။

ဂုဏ်ပြုချီးမြှင့်

ထို့နောက် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် သုံးဘာသာဂုဏ်ထူးရှင် ငါးဦးတို့အား မွန်ပြည်နယ်အသင်း အတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်၊ အရန်အလုပ်အမှုဆောင် မွန်ပြည်နယ် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရုံး တိုင်းရောင်းဝယ်ရေးအရာရှိ ဦးစိန်မြင့်**(အောက်ပုံ)**တို့က ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။ ဆက်လက်၍ အဆိုပြုလွှာပေးအပ်ပွဲကို ကျင်းပရာ ကျိုက်ထိုမြို့နယ် ဂန့်ဂေါ်ရပ်ကွက်မှ အသင်းဝင်အဆိုပြုလွှာ ၁၅၀ကို ပေးအပ်ရာ မြို့နယ်အသင်း အတွင်းရေးမှူးက လက်ခံသည်။

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့၏ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တင်သွင်းခြင်း၊ အစီရင်ခံစာအပေါ် ဆွေးနွေးခြင်း၊ ပြန်လည်ရှင်းလင်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။ **(သတင်းစဉ်)**

မိဘမဲ့ကလေးများအတွက် အဝတ်အထည်များလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၈

မုန်တိုင်းသင့်ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက နေ့စဉ်လှူဒါန်းလျက်ရှိကြရာ စက်တင်ဘာ၁၆ရက် မွန်းလွဲ၂နာရီက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ မေခလာခန်းမသို့ အလှူရှင်များဖြစ်ကြသော **Rotary Club of Rotary International District 2770, Japan** မှ **Mr. Michizoh Sumiuchi, Mr. Takashi Yama- moto, Mr. Kazuharu Tanaka** နှင့် ဦးသန့်ဇင်(**Yamanaka Eng Co., Ltd.**)တို့က လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မိဘမဲ့ကလေးများအတွက် ငွေကျပ်သိန်း ၈၀တန်ဖိုးရှိ အဝတ်အထည်များကို လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။**(ဝဲပုံ)** **(သတင်းစဉ်)**

19-9 (10).pmd 1 9/20/2008, 3:11 AM

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

စတမ်းဖို့ဒ်ဘရစ်ချ်မှာ ချယ်လ်ဆီးရဲ့ အိမ်ကွင်းရှုံးပွဲမရှိစံချိန်ကို မန်ယူတို့ ချိုးဖျက်နိုင်ပါ့မလား အဝေးကွင်းမှာ ခြေကုန်ထုတ်ရမယ့် အာဆင်နယ်တို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်(၅)



ချယ်လ်ဆီးအတွက် ဂိုးသွင်းပေးနေတဲ့ အနယ်လ်ကာ

မောင်မောင်မြင့်ဆွေ စုစည်းရေးသား၍ ဉာဏ်ဟိန်းစိုးစာမျက်နှာဖွဲ့စည်းသည်

လန်ဒန် စက်တင်ဘာ ၁၈

ရာသီအစပွဲစဉ်တွေကတည်းက ပြိုင်ဆိုင်မှုတွေ ပြင်းထန်နေတဲ့ ပရီမီယာလိဂ်ဟာ အသင်းကြီးတွေ ပုံမှန်ခြေစွမ်းပြန်ရစပြုပေမယ့် လက်ရှိချန်ပီယံမန်ယူတို့က ခြေစွမ်းမတည်ငြိမ်သေးတာမို့ရလဒ်ကလည်း အားရစရာမရှိသေးပါဘူး။ ပရီမီယာလိဂ် ပွဲစဉ်(၅)ကို စက်တင်ဘာ ၂၀ရက်နဲ့ ၂၁ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာမို့ ပွဲကြီးပွဲကောင်းတွေကို ရှုစားကြရတော့မှာဖြစ်ပါတယ်။

ချယ်လ်ဆီးနဲ့ မန်ယူ

အိမ်ကွင်းမှာ စပါးကို တစ်ဂိုးစီ သရေကစားတဲ့ပွဲကလွဲပြီး နိုင်ပွဲတွေဆက်တိုက်ရအောင် ကစားနေတဲ့ချယ်လ်ဆီးတို့ အိမ်ကွင်း နှစ်ပွဲကစားပြီးချိန်မှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ် ပိုင်ဆိုင်ထားပါတယ်။ ချယ်လ်ဆီးမှာ အနယ်လ်ကာ၊ ဒေကိုနဲ့ ဘယ်လက်တီ

မန်ယူအတွက် ကြံ့ခိုင်မှုအပြည့်နဲ့ ကစားမယ့် စီရိုနယ်ဒို

တို့ခြေစွမ်းပြဂိုးတွေသွင်းနိုင်နေတာမို့ မန်ယူတို့အထူးသတိထားပြီး ကစားရမှာဖြစ်ပါတယ်။ လေးပွဲကစားပြီးချိန်မှာ တန်းစီဇယားထိပ်ဆုံးက ရပ်တည်နေတဲ့ချယ်လ်ဆီးကို မန်ယူတို့ ဖိဖိစီးစီးကစားမှ ရပါလိမ့်မယ်။

မန်ယူမှာ စီရိုနယ်ဒိုက ကြံ့ခိုင်မှု မပြည့်ဝသေးသလို ဘာဘာတော့ဗ်လည်း ခြေထောက်ဒဏ်ရာ ရရှိထားပါတယ်။ ဒါပေမယ့် ဒီပွဲမှာ နှစ်ဦးစလုံးပါဝင်ကစားပါလိမ့်မယ်။ မန်ယူ တိုက်စစ်မှူးတွေ ပရီမီယာလိဂ် သုံးပွဲကစားပြီးချိန်မှာ သုံးဂိုးပဲ သွင်းထားနိုင်တာကတော့ အားရစရာမကောင်းလှပါဘူး။ ချယ်လ်ဆီးကွင်းမှာ မနှစ်က နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားတဲ့အကြွေးကို ဖာဂူဆန် ဘယ်လိုပြန်ဆပ်နိုင်မလဲ ကြည့်ရမှာပါ။ မန်ယူတို့ ခြေမတည်ငြိမ်တာမို့ အိမ်ရှင်တို့ အလေးသာသွားနိုင်တဲ့ပွဲ ဖြစ်သွားနိုင်ပါတယ်။

လီဗာပူးနဲ့စတုတ်

အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်နေတဲ့ လီဗာပူးဟာ ဂျရတ်၊ ရော်ဘီကိန်းတို့အားကိုးနဲ့ နိုင်ပွဲတွေရနေပါတယ်။ လီဗာပူးဟာ ဒီနှစ် ခြေစွမ်းက တည်တည်ငြိမ်ငြိမ်တော့ ရှိနေပါတယ်။ တောရက်စ်ဒဏ်ရာ သက်သာပြီး ပြန်ကစားနိုင်တော့ လီဗာပူးတို့ သုံးမှတ် အပြည့်ရမယ့်ပွဲပါပဲ။ စတုတ်ဟာ တန်းတက်အသင်းတွေထဲမှာ ခြေမာတာမှန်ပေမယ့် အသင်းကြီးတွေနဲ့ဆုံတိုင်း နိုင်ပွဲရလေ့မရှိပါဘူး။ ဘင်နီတက်ဇ်အနေနဲ့ စတုတ်ကို ဂိုးပြတ်သွင်းပြီး အောင်ပွဲခံမယ်လို့ ယူဆပါတယ်။

ဘော်လ်တန်နှင့် အာဆင်နယ်

ဒီနှစ်မှာ အဝေးကွင်း၊ အိမ်ကွင်း ပုံမှန်ခြေစွမ်းရနေတဲ့ အာဆင်နယ်ဟာ ဘော်လ်တန်ကိုတော့ ခြေကုန်ထုတ်ရပါလိမ့်မယ်။ ချန်ပီယံလိဂ်မှာ အားထည့်ကစားခဲ့ရတာမို့ ပွဲပန်းနေတဲ့ အာဆင်နယ်ကို ဘော်လ်တန်တို့ အမြတ်ထုတ်သွားနိုင်မလား ကြည့်ရမှာပါ။ ဒီနှစ်မှာ ဗန်ပါစီလည်း ခြေပေါ်အောင် ကစားနိုင်သလို ဂိုးတွေလည်း သွင်းနိုင်နေတာမို့ အာဆင်နယ်တို့ အခြေအနေကောင်းနေပါတယ်။ ဖာဘရီဂတ်စ်နဲ့ ဒီနယ်ဆင်တို့လည်း အားကိုးရတာမို့ ဘော်လ်တန်ကို ပွတ်ကာသီကာနဲ့ နိုင်ပွဲရသွားမယ်လို့ ထင်ပါတယ်။ ဘော်လ်တန်ရဲ့ အားနည်းချက်ရှိတဲ့ နောက်တန်းကို အာဆင်နယ်တိုက်စစ်မှူးတွေ ဘယ်လိုဖြတ်ကျော် ဂိုးသွင်းသွားမယ်ဆိုတာ စောင့်ကြည့်ရမှာပါ။ အကြိုက်က အာဆင်နယ်၊ အနိုင်လည်း အာဆင်နယ်လို့ ယုံကြည်ပါတယ်။

မန်စီးတီးနှင့် ပို့စ်မောက်

ဒီနှစ်မှာ နှစ်သင်းစလုံး ပုံမှန်ခြေစွမ်း မပြနိုင်သေးပါဘူး၊ မန်စီးတီးရဲ့ခြေစွမ်း တိုးတက်မှု ရှိမရှိကို ပရိသတ်တွေက စောင့်ကြည့်နေတာမို့ အီလာနို၊ ကော်လူကာ၊ ဘင်ဟိန်း၊ ရော်ဘင်ဟိုနဲ့ ရိုက်ဖီးလစ်တို့ ဘယ်လိုခြေစွမ်းပြ ကစားသွားမယ်ဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ မနှစ်က မန်စီးတီးကွင်းမှာ ပို့စ်မောက်ကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူထားခဲ့တာမို့ ဒီနှစ်မှာ အဝေးကွင်းခြေမစွာတဲ့ ပို့စ်မောက်တို့ မနှစ်က ရှုံးကြွေးပြန်ဆပ်ဖို့ မလွယ်သေးပါဘူး၊ အနိုင်ဆိုတာ အိမ်ရှင်မန်စီးတီးတို့အတွက်ပဲ ဖြစ်သွားမယ်လို့ ထင်ပါတယ်။

ဆန်းဒါးလန်းနှင့် မစ်ဒယ်ဘရော့

ရစ်ချပ်ဆင်၊ ချမ်ဘွန်ဒါနှင့် ဘတ်စလေတို့ ခြေစွမ်းမပြနိုင်တာမို့ ဆန်းဒါးလန်းလည်း အိမ်ကွင်းမှာနိုင်ပွဲ ဈေးဦးမပေါက်သေးပါဘူး။ မစ်ဒယ်ဘရော့တို့ကလည်း အဝေးကွင်းမှာ ရလဒ်မကောင်းတာမို့ ဒီနှစ်သင်းခြေကညီနေပါတယ်။ မစ်ဒယ်ဘရော့မှာ အဲလ်ဗတ်စ်၊ ဆန်လီနဲ့ အိုနေးလ်တို့က ဂိုးသွင်းနိုင်နေတာမို့ မနှစ်က ဆန်းဒါးလန်းတို့ သတိထားရမှာပါ။ မနှစ်က အိမ်ကွင်းမှာ ဆန်းဒါးလန်းတို့ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားခဲ့ပေမယ့် အခုပွဲမှာ တော့ အဲဒီရလဒ် ပြန်ရဖို့မလွယ်ဘူးထင်ပါတယ်။ ဒီပွဲအတွက် အဖြစ်နိုင်ဆုံး ရလဒ်က တစ်မှတ်စီ ခွဲယူရမယ်လို့ သုံးသပ်မိပါတယ်။

ဘလက်ဘန်းနှင့် ဖူလ်ဟမ်

မနှစ်က သရေကျထားတာမို့ အခုပွဲမှာ ပြတ်သားတဲ့ရလဒ် ရအောင် ကစားကြမယ့်ပွဲပါ။ ဖူလ်ဟမ်ရဲ့ ဒီနှစ်ခြေစွမ်းက တည်ငြိမ်ပြီးရလဒ်လည်းကောင်းနေပါတယ်။ ဟန်ဂီလန်နဲ့မူရာဖီတို့က ဖူလ်ဟမ်မှာ အားထားရသူတွေပါ။ ဖူလ်ဟမ်ဟာ အဝေးကွင်း နိုင်ပွဲမရသေးတာမို့ ဘလက်ဘန်းဆီက အနည်းဆုံးတစ်မှတ်လောက် ရအောင် ယူဖို့ကြိုးစားပါလိမ့်မယ်။ ဒွန်၊ ဆန်တာခရုဇ်နဲ့ ဝါနော့စ်တို့

အာဆင်နယ်အတွက် အဒီဘာယော ဂိုးသွင်းပေးနိုင်မလား…

အားကိုးနဲ့ အိမ်ကွင်းမှာ အနိုင်ယူဖို့ ကြိုးစားမယ့် ဘလက်ဘန်းတို့ကတော့ မာမာတင်းတင်းတုံ့ပြန်ကစားပေမယ့် ရလဒ်ကောင်းဖို့ဆိုတာကတော့ ရာနှုန်းနည်းပါးပါတယ်။ အကြိုက်က ဖူလ်ဟမ်ဆိုပေမယ့် သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

ဝက်စ်ဟမ်းနှင့်နယူးကာဆယ်

ဘတ်နာနဲ့ အက်ရှတန်တို့ ဂိုးတွေသွင်းပြီး နိုင်ပွဲတွေရနေတဲ့ ဝက်စ်ဟမ်းဟာ နိုင်ပွဲတစ်ပွဲသာရသေးတဲ့ နယူးကာဆယ်ကို အိမ်ကွင်းမှာ အပေါ်စီးက ကစားပါလိမ့်မယ်။ မာတင်၊ ကိုလိုစီနီနဲ့ ဂီဗင်တို့က ဒီနှစ်ခြေတက်လာတာမို့ အားထားစရာပါပဲ။ အိုဝင်တို့အုပ်စု အပြည့်အဝပြန်ကစားနိုင်ရင်တော့ နယူးကာဆယ်တို့ အသက်ရှူချောင်နိုင်ပါတယ်။ ဒါပေမယ့် အိမ်ကွင်းမှာ ဝက်စ်ဟမ်းတို့က သုံးမှတ်အပြည့် သိမ်းပိုက်မှာမို့ နယူးကာဆယ်တို့ အမှတ်ရဖို့ လမ်းမမြင်ပါဘူး။

ဝက်စ်ဘရွန်းနှင့်ဗီလာ

ဘက်နာ၊ ရိုဘင်ဆင်နဲ့ မက်ဒေါနယ်တို့ ခြေစွမ်းပြနေတဲ့အတွက် ဝက်စ်ဘရွန်းတို့ ဒီပွဲမှာအခြေအနေ ကောင်းနိုင်ပါတယ်။ ဒါပေမယ့် ဗီလာတိုက်စစ်မှူးတွေဖြစ်တဲ့ အက်ဘွန်လေဟော်တို့ အုပ်စုကလည်း ဂိုးသွင်းခြေမြူးနေတာမို့ ဝက်စ်ဘရွန်းတို့ သိပ်မလွယ်ပါဘူး။ ဗီလာဟာ အိမ်ကွင်း အဝေးကွင်း ရလဒ်ကောင်းအောင်ကစားနိုင်တာမို့ ဧည့်သည်ဗီလာကိုပဲ အနိုင်ရလဒ် ပေးလိုက်ချင်ပါတယ်။

စပါးနှင့်ဝီဂန်

စပါးတို့ မနှစ်ကလေးဂိုးပြတ်သွင်းပြီး သင်ခန်းစာပေးခဲ့တဲ့ ဝီဂန်ဟာ ဒီပွဲမှာတော့ အဲ့ဒီရလဒ်ကို ချေဖျက်ဖို့ ကြိုးစားပါလိမ့်မယ်။ ဝီဂန်မှာ ရစ်ကတ်၊ ဗာလင်စီဟာ၊ ဟတ်စကီး၊ ဇာကီတို့ အုပ်စုက ဂိုးတွေသွင်းယူနိုင်ကြတာမို့ စပါးတို့ လျှော့တွက်ရင် မမျှော်လင့်တဲ့ရလဒ်နဲ့ ကြုံတွေ့သွားနိုင်ပါတယ်။ ဒါပေမယ့် စပါးရဲ့ ဂျီးနက်စ်နဲ့ ဒါရင့်ဘင့်တို့က ပွဲရလဒ်ပြောင်းနိုင်တဲ့သူတွေမို့ မနှစ်ကလို ဂိုးမပြတ်ပေမယ့် အိမ်ရှင်တို့ပဲ မျက်နှာပန်း လှမယ့်ပွဲလို့ ထင်မိပါတယ်။

ဟူးလ်စီးတီးနှင့် အဲဗာတန်

တန်းတက် ဟူးလ်စီးတီးကိုတော့ အဲဗာတန်တို့ အနိုင်ကစားပါလိမ့်မယ်။ ဒါပေမယ့် ဒီနှစ် တန်းတက်သုံးသင်းထဲမှာ ဟူးလ်စီးတီတို့ ခြေစွမ်းက မခေပါဘူး။ ဒါပေမယ့် နောက်တန်း အားနည်းတဲ့ ဟူးလ်စီးတီကို အဲဗာတန်တို့ အဝေးကွင်းဆိုပေမယ့် အမှတ်ပြည့်ရအောင် ယူသွားလိမ့်မယ်လို့ ထင်မိပါတယ်။ ။

(ကိုးကား-အင်တာနက်)

အင်္ဂလန်နှင့် မန်စီးတီး ကွင်းလယ်ဖန်တီးရှင် ဂျွန်ဆင် အသင်းနှင့် ငါးနှစ်စာချုပ်သစ် ထပ်မံချုပ်ဆို

လန်ဒန် စက်တင်ဘာ ၁၈

အင်္ဂလန် ယူ-၂၁ နှင့် မန်စီးတီး ကွင်းလယ်ကစားသမား မိုက်ကယ်ဂျွန်ဆင်သည် မန်စီးတီးအသင်းနှင့် ၂၀၁၃ခုနှစ်တိုင်အောင် ငါးနှစ်စာချုပ်သစ် ထပ်မံ ချုပ်ဆိုလိုက်ပြီ ဖြစ်သည်။



စာချုပ်ချုပ်ဆို

အသက် ၂၀ရှိ အင်္ဂလန် ယူ-၂၁ လက်ရွေးစင် ဂျွန်ဆင်သည် ယင်းကဲ့သို့ အသင်းနှင့် စာချုပ်ချုပ်ဆိုလိုက်ခြင်းဖြင့် မန်စီးတီးအသင်းမှ ထွက်ခွာမည်ဟု လပေါင်းများစွာ ထွက်ပေါ်နေသည့် ထင်ကြေးသတင်းများမှာလည်း အဆုံးသတ်သွားခဲ့ပြီ ဖြစ်သည်။

ကစားခဲ့

ဂျွန်ဆင်သည် မန်စီတီးအသင်း၏ လူငယ်ဘောလုံးအကယ်ဒမီမှ သင်တန်းပြီးဆုံးပြီးနောက် ၂၀၀၆ခုနှစ်အောက်တို ဘာလတွင် မန်စီးတီးအသင်း၌ ပွဲဦးထွက် ကစားခဲ့သည်။

(အင်တာနက်)

ဂါနာနှင့် ဘာမင်ဂမ် ဂိုးသမားဟောင်းကီဆန် ဝီဂန်အသင်းနှင့် အပြီးသတ် စာချုပ်ချုပ်ဆို

လန်ဒန် စက်တင်ဘာ ၁၈

ဝီဂန်အသင်းသည် ဘာမင်ဂမ်ဂိုး သမားဟောင်း ရစ်ချတ်ကီဆန်အား အပြီးသတ် စာချုပ်ချုပ်ဆို ခေါ်ယူလိုက်ပြီ ဖြစ်သည်။

ပြန်လည် ပေါင်းစည်း

ဂါနာလက်ရွေးစင်ဂိုးသမား ကီဆန်သည် ယခုကဲ့သို့ ဝီဂန်အသင်းနှင့် စာချုပ်ချုပ်ဆိုလိုက်ခြင်းဖြင့် ပြီးခဲ့သည့်နွေရာသီက ဝီဂန်အသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့သူ ၎င်း၏ ဆရာဟောင်း စတိဘရစ်နှင့် ပြန်လည် ပေါင်းစည်းမိခဲ့ပြီဖြစ်သည်။

ကီဆန်သည် ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ဂါနာအသင်း အတွက်ပါဝင်ကစားခဲ့သည်။ သို့သော်လည်း ကီဆန်သည် ဘာမင်ဂမ်အသင်းတွင် နေရာရရေးအတွက် ရုန်းကန်ကြိုးစားခဲ့ရပြီး ပြီးခဲ့သည့် ဘောလုံးရာသီအကုန်က ယင်းအသင်းမှ ထွက်ခွာခဲ့သူဖြစ်သည်။

(အင်တာနက်)

ချန်ပီယံလိဂ် အနိုင်အရှုံးရလဒ်

(၁၈-၉-၂၀၀၈)

အုပ်စု(င)

ဆဲလ်တစ် ၀-၀ အယ်ဘော့

မန်ယူ ၀-၀ ဗီလာရီးရဲ

အုပ်စု(စ)

လိုင်ယွန် ၂-၂ ဖီအိုရင်းတီးနား

ဘူခါရက်စ် ၀-၁ ဘိုင်ယန်မြူးနစ်

အုပ်စု(ဆ)

ဒိုင်နမိုကိဗ် ၁-၁ အာဆင်နယ်

ပေါ်တို ၃-၁ ဖီနာဘာချီ

အုပ်စု(ဇ)

ဂျူဗင်းတပ်စ် ၁-၀ ဇင်းနစ်

ရီးရဲမက်ဒရစ် ၂-၀ ဘိုရီဆော့ဗ်

ချစ်စိုးနိုင် စုစည်းသည်

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အိန္ဒိယအရှေ့ပိုင်း၌ ဘတ်စ်ကား လမ်းဘေးထိုးကျ ၁၈ ဦးသေဆုံး၊ အများအပြားဒဏ်ရာရရှိ

မွန်ဘိုင်း စက်တင်ဘာ ၁၈

အိန္ဒိယနိုင်ငံအရှေ့ပိုင်း အဝေးပြေးလမ်းတစ်ခုတွင် စက်တင်ဘာ ၁၈ရက်က ခရီးသည်ဘတ်စ်ကားတစ်စီး**(အပေါ်ပုံ)** လမ်းဘေးထိုးကျသွားရာ ၁၈ဦးပွဲချင်းပြီး သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။

ပြောကြား

အခင်းဖြစ်ပွားသည့်နေရာမှာ စီတာမာဂီခရိုင်အတွင်း၌ဖြစ်ပြီး အရှိန်ဖြင့် မောင်းနှင်လာစဉ် ကားဘရိတ်ချွတ်ယွင်းကာ လမ်းဘေးသို့အရှိန်ဖြင့် ထိုးကျသွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့အမြန်တင်ပို့ပေးထားကြောင်း အသေးစိတ်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ဖခင်အမည်မှန်

မော်လမြိုင်မြို့ အထက ရွှေနတ်တောင် တက္ကသိုလ်ဝင်တန်း(က)မှ မောင်ကောင်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်းအောင် ၃/ကကရ(နိုင်)၀၀၀၁၂၃ ဖြစ်ပါသည်။

ဦးထွန်းဝင်းအောင်။

ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်

Computer Laptop (com paq) အမျိုးအစားတစ်လုံးသည် ၁၅-၉-၂၀၀၈ ရက်တွင် Taxi ကားတစ်စီးပေါ်၌ ကျန်ရစ်ခဲ့ပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

ဆက်သွယ်ရန်-မငွေငွေဝင်း
ဖုန်း-၀၃၅-၄၁၉၂၁၊ ၀၉-၅၁-၄၈၆၂၅။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ရှိ အကွက်အမှတ်(၂၁)၊ အကွက်အမည်(ညောင်ရွှေဟော်ကုန်း) မြေကွက်အမှတ်(၁၇၂/၃၈၈) ဦးပိုင်အမှတ်(၁၁၁-ခ)ဧရိယာ ၀.၁၁၄ဧက အကျယ်အဝန်းရှိမြေကွက်အား တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ မြေငှားဂရန်အမှုတွဲအမှတ် -၁၈၀/၂၀၀၁-၂၀၀၂ဖြင့်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်-၁၃/ဆဆန(နိုင်)၀၂၅၂၇၆ကိုင်ဆောင်သူ ကျွန်မဒေါ်ကျန်ချင်ဖိန်းအမည်ဖြင့် ယနေ့တိုင် မှတ်သားတည်ရှိလျက်ရှိပါသည်။

အဆိုပါမြေကွက်အမှတ်(၁၇၂/၃၈၈)ဦးပိုင်အမှတ်(၁၁၁-ခ) ဧရိယာ ၀.၁၁၄ဧက၏ မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါ၍ မြေငှားဂရန် ပြန်လည်ရရှိရေးအတွက် တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြေကွက်အမှတ်(၁၇၂/၃၈၈)ဦးပိုင်အမှတ်(၁၁၁-ခ)နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် သက်ဆိုင်ရာသို့ ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀အတွင်း ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ကျန်ချင်ဖိန်း
၁၃/ဆဆန(နိုင်)၀၂၅၂၇၆၊ အမှတ်(၃၁၇)ကမ္ဘောဇ(၂)လမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆/ဂျေ၊ မြေကွက်အမှတ် ၁၁၂/၁-ဈ၊ ဧရိယာ ၀.၁၁၁၂၅၉ ဧကရှိသော နှစ် ၆၀ မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်အဆောက်အအုံ အပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါက်တာဒေါ်ဝင်းဝင်းမြင့် ၁၂/ပဘတ(နိုင်)၀၁၆၅၅၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုလိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း(စဉ်-၆၀၈၂) B.A, H.G.P, C.B.L, D.B.L, D.M.L **ဥပဒေအကျိုးဆောင်၊**
အမှတ် ၈၆/၈၈၊ အခန်း(၂၀)ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၉၉-၂၅၇၃၆၊ ၀၉-၅၀-၇၀၆၇၇။

မောင်ရေ

ဒို့နှစ်ယောက် ဝါကျွတ်ရင်
လက်ထပ်တော့မှာ အိမ်ကသိသွားတော့
ဆူလိုက်တာ မောင်ရယ်
အဲဒါနဲ့လေ မောင်တင်တောင်းမယ့်
ပစ္စည်းအကြောင်း ပြောလိုက်တော့မှပဲ
ဖိတ်စာရိုက်ဖို့ စီစဉ်တော့လို့ ပြောတယ်
မောင်တင်တောင်းမှာ *JASMINE PHYU* က
စိန်တစ်ဆင်စာနော် ဟုတ်လား!

Jasmine Phyu Gems & Jewellery Shop
အမှတ်(၅၆/အေ)၊ ကမ္ဘာအေးဘုရားလမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
(ချမ်းမြေ့ရိပ်သာဘုန်းကြီးကျောင်းရှေ့)
ဖုန်း - ၉၅-၁-၆၆၁၇၆၂

The Live News ဂျာနယ် အမှတ် (၉၈)ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၈

ယခုတစ်ပတ်ထုတ် The Live News ဂျာနယ် အမှတ်(၉၈)တွင် ဆင်ဖြူကျွန်း အောင်သိန်း၏ သူကောင်းမြို့ပိုင်(၂)၊ မြင်းမူမောင်နိုင်မိုး၏ သူအနှင့် အိပ်မက်၊ မြတ်ဆရာ၊ တောင်ဇလပ်ပန်းနှင့် ပညာရှိ၊ နီမင်းဆွေ၏ ငုပ်မိသဲတိုင်၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေ ချယ်ရီမြေ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက နိုင်ငံခြားအမည်ရခဲ့တဲ့လမ်း၊ အဆောက်အအုံ၊ ဗိမာန်နဲ့ဘာသာရေးအဆောက်အအုံများ (၆)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ တရုတ်ပြည်သစ်၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ အပိုင်း(၆)၊ အာရှမိုး၏ အမေရိကန်သမ္မတလောင်းများရဲ့ ဒုတိယသမ္မတလောင်းရွေးချယ်မှုစိတ်ကူးဖက်ရှင်(သို့မဟုတ်) ပါလင်ဖီဗာ၊ဦးငြိမ်းအောင်(ဆရာဗေဒ)၏ ၂၀၀၈ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ဘားရက်အိုဘားမား ပွတ်ကာသီကာနိုင်ပါလိမ့်မယ်၊ အမေရိကန်သည် ရုရှားနှင့်ပူးပေါင်း၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆောင်ရွက်သင့်ဟု ရုရှားသမ္မတပြောကြား၊ တရုတ်-အမေရိကန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားမည်ဟု ပြိုင်ဘက်အမေရိကန် သမ္မတလောင်းနှစ်ဦးစလုံး အတည်ပြုရေးသားထုတ်ပြန်၊ အရှေ့အလယ်ပိုင်းရှိ ဂျပန်လေတပ်စစ်သည်များအား ယခုနှစ်ကုန်၌ ပြန်လည်ရုပ်သိမ်းမည်၊ မလေးရှားအာဏာရပါတီအတွင်း နိုင်ငံရေးလှုပ်ခတ်မှုများဖြစ်ပေါ်လာ၊ အချစ်ရေးကပြောဖို့ စောသေးပါတယ်ဆိုတဲ့ ထွန်းထွန်း၊ မျက်ဝန်းရိပ် အပိုင်း(၁၁၊၁၂)၊ ပင်လယ်ပျော်မင်းသား အပိုင်း(၃၁၊၃၂)၊ ရွှေမင်းသားလေးချစ်ပုံပြင် အပိုင်း(၃၂၊၃၃)စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်အား အပတ်စဉ်စနေနေ့တိုင်း ဖတ်ရှုသူ အိမ်အရောက်ပို့ပေးရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့်ဖတ်ရှုလိုသူများ သုံးလ၁၃စောင် ကျပ် ၅၈၅၀၊ ခြောက်လ၂၆စောင် ကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုး စာပေတိုက် အမှတ်၃၁၀အခန်း (၀၀၄) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် Market Care(Distribution Service)အမှတ် ၅၅ (ပထမထပ်) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀-၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့ကကြီးမှူး၍ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြောပွဲများကို စက်တင်ဘာ၁၁ရက်က (အထက-၁)၊(အထက-၂)တို့၌ လည်းကောင်း၊ စက်တင်ဘာ ၁၂ ရက်တွင် (အထက-၃)နှင့် (အလက-၂)တို့၌ လည်းကောင်း ကျင်းပရာ (အလက-၂)၌ ကျင်းပသည့် ဟောပြောပွဲတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အထူးအဖွဲ့မှ ရဲအုပ် မျိုးကြည် ရှင်းလင်းဟောပြောစဉ်။ (မြန်မာ့အလင်း)

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပို့ဆောင်ရေးအသင်း တတိယရရှိ

နေပြည်တော် စက်တင်ဘာ ၁၈

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့ ညနေ၃နာရီခွဲက ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲ

စက်တင်ဘာ ၁၉ရက် **(ယနေ့)** ညနေ၃နာရီခွဲတွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကိုနေပြည်တော် ဘောလုံးအားကစားကွင်း အမှတ်(၁)၌ ကျင်းပမည်ဖြစ်ရာ အားကစားဝန်ကြီးဌာန ဘောလုံးအသင်းနှင့် အလုပ်သမားဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



စက်တင်ဘာ ၁၇ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ဦးစီးပြီး အခြေခံပညာအထက်တန်းကျောင်း အမှတ် (၃) အစည်းအဝေးခန်းမ၌ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဦးမြင့်ငွေ အဖွင့်အမှာစကားပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသော ဆင်ကန်မြေသား ရေလှောင်ကန်အတွင်း ဒိုက်ပင်နှင့်မြက်ပင်များ ရှင်းလင်းခြင်းလုပ်ငန်းကို စက်တင်ဘာ၉ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်စောက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပုတာအိုဒ်၌ စာအုပ်များ ပေးအပ်လှူဒါန်း

ပုတာအို စက်တင်ဘာ ၁၃

ပုတာအိုခရိုင်အတွင်း ဖွင့်လှစ်ခဲ့သည့် ကျေးရွာစာကြည့်တိုက်များအတွက် ဌာနဆိုင်ရာများ၏ စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၅ရက် နံနက် ၁၀နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအေးက အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများကိုယ်စား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဝင်းက စာအုပ်များ ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးအောင်သန်းက လက်ခံယူသည်။ (ခရိုင် ပြန်/ဆက်)

စစ်ကိုင်းမြို့နယ်၌ မိုးစပါးစိုက်ဧက ပြည့်မီရေးဆွေးနွေး

စစ်ကိုင်း စက်တင်ဘာ ၁၄

စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်၌ ၂၀၀၈-၂၀၀၉ မိုးစပါးစိုက်ဧက လျာထားချက်ပြည့်မီရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မောင်အုန်း ဦးဆောင်ပြီး စိုက်ပျိုးရေးဒုတိယမန်နေဂျာ ဒေါ်မို့မို့အေး၊ လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးစိုးမိုးဇော်၊ စက်မှုလယ်ယာ ဒုတိယဦးစီးမှူးဦးသိန်းလွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကိုကိုအေးတို့ပါဝင်သည့် စိုက်/ကြပ်အဖွဲ့သည် စက်တင်ဘာ၁၀ရက်က ဖြိတရော်ကျေးရွာနှင့်ဆင်တပ်ကျေးရွာများသို့ကွင်းဆင်းပြီး တောင်သူလယ်သမားများနှင့်တွေ့ဆုံကာ ညှိနှိုင်းဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ဖြိတရော်ကျေးရွာမှ တောင်သူလယ်သမား၃၅ဦးနှင့် ဆင်တပ်ကျေးရွာမှ တောင်သူ လယ်သမား ၅၇ဦး တက်ရောက်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကျောက်ပန်းတောင်း ကြို့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်စည်းဝေး

ကျောက်ပန်းတောင်း စက်တင်ဘာ ၁၃

မြင်းခြံခရိုင်ကျောက်ပန်းတောင်း မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်း အဝေး (၂၀၀၈) ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ၈ရက် နံနက် ၈နာရီက မြို့နယ် အသင်းရုံးတွင် ကျင်းပသည်။

အခမ်း အနား တွင် ဆိုင်းဘုတ်ဖွင့်ပွဲကို ကျင်းပရာ ၂၀၀၇-၂၀၀၈ခု ပညာသင်နှစ်တွင် ငါးဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား မောင်ရှိန်းထက်အောင်က ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် အသင်းရုံးခန်းမ၌ ဆက်လက်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ (ယာယီ) ဦးကျော်ဇေယျက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့် အမှာစကား ပြောကြားသည်။

ဆက်လက်၍မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ဝင်းကြည် က အမှာစကား ပြောကြားပြီး မြို့နယ်အသင်း အတွင်းရေးမှူး ဦးတိုင်းအေးက အသင်း၏ တစ်နှစ်တာ လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ (မြို့နယ်ပြန်/ဆက်)

စာတတ်မြောက်ရေးနေ့ ညောင်လေးပင်၌ကျင်းပ ဓာတ်ပုံ၊ နံရံကပ်စာစောင်နှင့် စာအုပ်များပြသ

ညောင်လေးပင် စက်တင်ဘာ ၁၂

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနားနှင့် ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဓာတ်ပုံ၊ နံရံကပ်စာစောင်နှင့် စာအုပ်များပြသပွဲ အခမ်းအနားကို စက်တင်ဘာ ၈ရက် နံနက်၉နာရီက ညောင်လေးပင်မြို့ အထက(၂) ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းနွဲ့ရီက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးမြင့်အောင်က ရည်ရွယ်ချက်ရှိရမည် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အထက်တန်းပြဆရာမ ဒေါ်ချိုချိုဝင်းက လူတိုင်းစာတတ်မြောက်ရေးဝိုင်းဝန်းကြိုးပမ်းပေး ခေါင်းစဉ်ဖြင့် ဟောပြောကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးက စာအုပ်များလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက နံရံကပ်စာစောင်၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာများ၊ ဆောင်းပါးနှင့် စာအုပ်များပြသပွဲကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ (၀၅၃)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော အမှတ်(၃၄)လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၄ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော အဖွဲ့ပိုင်ရုံးဝင်းအတွင်း မြေယာရှုခင်းပြုပြင်ဆောင်ရွက်မှုကို စက်တင်ဘာ၈ရက်က အမှုဆောင်အရာရှိ ဦးသိန်းနိုင် ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကလေးငယ်များကျန်းမာရေး အောင်မြေသာစံ၌ ပညာပေးဟောပြော

မန္တလေး စက်တင်ဘာ ၁၂

မန္တလေး အောင်မြေသာစံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသက်ငါးနှစ်အောက်ကလေးငယ်များ ကြီးထွားရေး စောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းနှင့် ပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်မှုကို ဩဂုတ်၂၈ရက်က ပြည်ကြီးကျက်သရေ အနောက်ရပ်ကွက်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းမာလာဆွေနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်မြမြမိုးတို့က ရပ်ကွက်ရုံးတွင် ရပ်ကွက်ဥက္ကဋ္ဌဦးစိုးသူနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အသင်းခွဲအတွင်းရေးမှူး ဒေါ်စောရွှေနှင့် အသင်းဝင်များ၊ အသက်ငါးနှစ်အောက် ကလေးငယ်များ၏ မိခင်များ၊ အိမ်ထောင်ရှင်အမျိုးသမီးများနှင့်တွေ့ဆုံ၍ ကျန်းမာရေးအကြောင်းများကို ပညာပေးဟောပြောသည်။

ကြည့်ရှုအားပေး

ထို့နောက် ရပ်ကွက်ရုံးတွင် အသက်ငါးနှစ်အောက် ကလေးငယ်များ၊ ကိုယ်အလေးချိန်ခြင်း၊ အရပ်တိုင်းခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းမာလာဆွေနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်မြမြမိုးတို့က ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးကြောင်း သိရသည်။ (၀၉၀)

စိမ်းလန်းစိုပြည်ရေး

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းဖြစ်သော ပန်းအိုးများဖြင့် လမ်းဘေးဝဲယာတွင် စိုက်ပျိုးထားမှုကို အမှုဆောင်အရာရှိဦးထွန်းထွန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မိုးစပါးပိုမိုထွက်ရှိရေး နည်းစနစ်ဟောပြော

မချမ်းဘော စက်တင်ဘာ ၁၂

မချမ်းဘောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လတ်ခေါင်းဆောင်သည့် မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့သည် ဩဂုတ် ၂၄ရက် နံနက် ၁၁နာရီက နမ်ခမ်းကျေးရွာသို့ ကွင်းဆင်း၍ နမ်ခမ်း အခြေခံပညာအလယ်တန်း ကျောင်းခန်းမဆောင်၌ ဒေသဖွံ့ဖြိုးရေး၊ စပါးပိုမိုထွက်ရှိရေး၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာများသုံးစွဲနည်းစနစ်များ ဟောပြောပြီး လက်တွေ့ဆေးဖျန်းမှု သရုပ်ပြသကြသည်။ **(မြို့နယ် ပြန်/ဆက်)**

တက္ကသိုလ်ဝင်စာမေးပွဲထူးချွန်သူ ဂုဏ်ပြု

နွားထိုးကြီး စက်တင်ဘာ ၄

မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ကြာပွားကျေးရွာအုပ်စု ကြာပွားကျေးရွာ မူလတန်းကျောင်း၌ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော မမို့မို့အောင်အား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ်၂၃ရက် နံနက် ၉နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး **(ယာပုံ)** ငါးဘာသာဂုဏ်ထူးရှင် မမို့မို့အောင်အား စေတနာရှင်၊ အလှူရှင်များက ငွေကျပ်သုံးသိန်းရှစ်ထောင်ကို ဂုဏ်ပြုဆုများအဖြစ် ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ကြာပွားကျေးရွာ မူလတန်းကျောင်းသား ကျောင်းသူလေးများက အကများဖြင့် ဖျော်ဖြေကြပြီး ငါးဘာသာဂုဏ်ထူးရှင် မမို့မို့အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ လင်းခေး၌ ဆုချီးမြှင့်ပွဲကျင်းပ

လင်းခေး စက်တင်ဘာ ၁၂

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ရက် နံနက်၉နာရီက လင်းခေးမြို့နယ် နွယ်ဝတီခန်းမ၌ကျင်းပသည်။

ဖဲကြိုးဖြတ်

ရှေးဦးစွာ လင်းခေးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက ရတနာပုံအဖွင့်သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ထို့နောက် လင်းခေးခရိုင်နှင့် မြို့နယ်များမှ ပြိုင်ပွဲဝင်များက ဘာသာရပ်အလိုက် ပြိုင်ပွဲဝင်ကြသည်။

ဆုများချီးမြှင့်

ယင်းနောက် စက်တင်ဘာ ၈ရက် နံနက် ၉နာရီက ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့် တာဝန်ရှိသူများက ဘာသာရပ်အလိုက် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ (အပေါ်ဝဲပုံ)

(ခရိုင် ပြန်/ဆက်)

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ကျုံရဲကျေးရွာ သောက်ရေကန် ခြံစည်းရိုးကာရံခြင်းနှင့် လက်နှိပ်တုံကင်တပ်ဆင်ခြင်းတို့ကို အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်ရှင်သန်ရေး တီးတိန်၌ဆွေးနွေး

တီးတိန် စက်တင်ဘာ ၁၂

ချင်းပြည်နယ် တီးတိန်မြို့နယ် ဆွောင်းပီးကျေးရွာ စာကြည့်တိုက်၌ စက်တင်ဘာ ၁၁ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဒိုင်းခန့်ဒိမ့်သည် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ စာကြည့်တိုက်ရှင်သန်ရေး ဆွေးနွေးကြသည်။

အခမ်းအနားတွင် စာကြည့်တိုက်အတွက် ဒေသခံပြည်သူများက လှူဒါန်းကြသော စာအုပ်များ၊ ရပ်ဝေးဒေသခံများမှပေးပို့သော စာအုပ်များအတွက် ဒေါ်ဒိုင်းခန့်ဒိမ့်က စာကြည့်တိုက်ကော်မတီဝင်များကိုယ်စား ကျေးဇူးတင်စကား ပြောကြားပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးရှင်းထွန်းစိန်က ကိုယ်ပိုင်စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်မှုကို ဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

ဖလမ်းမြို့နယ်စည်ပင် စိမ့်စမ်းရေထွက်နေရာမှ အမှိုက်သရိုက်များရှင်းလင်း

ဖလမ်း စက်တင်ဘာ ၁၄

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် နေ့စဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလလ်ဟုပ်ထန်းနှင့် ရေလုပ်သားများသည် ဖလမ်းမြို့နယ် ရှစ်မိုင်ကွာဝေးသော ထွာန်းနှင့် ကျန်ဇန်း စိမ့်စမ်းရေထွက်နေရာများသို့ စက်တင်ဘာ ၈ ရက်က သွားရောက်၍ အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ သံဆန်ခါများ တပ်ဆင်ခြင်း၊ ရေဖမ်းကန်များပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မျိုးဆက်သစ်လူငယ်များ စာဖတ်အလေ့အကျင့်တိုးပွားရေး ဗန်းမော်မြို့ အထက်တန်းကျောင်းများ၌ ဆောင်ရွက်

ဗန်းမော် စက်တင်ဘာ ၁၅

ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ မျိုးဆက်သစ်လူငယ်များ စာဖတ်သည့်အလေ့အကျင့် ပိုမိုတိုးပွားလာစေရေးအတွက် ဟောပြောပွဲကို စက်တင်ဘာ ၈ရက် မွန်းလွဲ ၂နာရီက ဗန်းမော်မြို့ အထက(၁) အောင်တံခွန်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးတင်အောင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းခင်က စာကြည့်တိုက်အကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။ ထို့နောက် စာကြည့်တိုက်အသင်းဝင်လျှောက်လွှာများကို ဦးစီးအရာရှိ ဦးဝင်းခင်က ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးတင်အောင်က လက်ခံယူသည်။

ဟောပြောပွဲများကျင်းပ

အလားတူ ဟောပြောပွဲနှင့် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်လှူဒါန်းပွဲများကို စက်တင်ဘာ ၉ရက်က အထက(၂)၌ လည်းကောင်း၊ စက်တင်ဘာ ၁၁ရက်က အထက(၃)၌ လည်းကောင်း၊ စက်တင်ဘာ ၁၂ရက်က အထက(၄)၌ လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကချင်ပြည်နယ် ဟိုပင်မြို့ စည်ပင်သာယာရေး အဖွဲ့ ဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်း၍ ဟိုပင်မြို့ စည်ပင်သာယာဈေးအတွင်း ဆားရောင်းချသော ဆိုင်များတွင် အိုင်အိုဒင်းပါဝင်မှု စမ်းသပ်ခြင်းကို ဈေးတာဝန်ခံ ဦးမျိုးကိုကိုလွင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် တက/၁၃၈၃၄ ယာဉ်အမျိုးအစား Honda Wave125 ယာဉ်လက်ဝယ်ရှိသူ စိုင်းခမ်းပန် ၁၃/တကန (နိုင်)၀၀၁၄၁၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညနရုံး၊ (တောင်ကြီး)။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် အမှတ် ၆၆၉၁၁၅သည် ခရီးသွားရင်း ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၅၅၅၀၈၉၊ ၅၅၉၉၄၃။

စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း) ၁၉၈၄ခုနှစ် ကျောင်းဆင်းသူငယ်ချင်းများသို့

သူငယ်ချင်းတို့ရေ… ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလမှာ ကျင်းပမယ့် စိုက်ပျိုးရေးတက္ကသိုလ် အာစရိယပူဇော်ပွဲကို ဒို့တစ်တွေရဲ့(၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ကန်တော့ပွဲနဲ့ ပြန်လည်တွေ့ဆုံပွဲ ပြုလုပ်နိုင်ဖို့အတွက် အဆက်အသွယ်ရရေး၊ အလှူငွေကောက်ခံရေးအတွက် သူငယ်ချင်းများနဲ့ ဆက်သွယ်ကြရန် နှိုးဆော်လိုက်ပါတယ်။

ဦးလှမြင့်အောင် ဖုန်း-၀၉ -၂၀-၃၈၀၄၇၊ ၀၂-၆၀၈၂၉၊ ဦးသက်ဇင်မောင် ဖုန်း-၀၉-၅၃-၅၀၉၂၅၊ ၀၅၄-၂၄၀၆၆၊ ဒေါ်သန်းကြွယ် ဖုန်း-၀၉-၂၁-၃၁၆၂၈၊ ဒေါ်မင်းမင်းသန်း ဖုန်း-၀၇၁-၂၂၈၀၁၊ ဒေါ်နီလာမော် ဖုန်း-၀၆၅-၂၁၀၄၇၊ ဒေါ်တင်လေးမွန် ဖုန်း-၀၉-၉၉-၂၈၆၈၄၊ ၀၁-၆၆၀၃၁၇၊ ဒေါ်ချိုချိုဝင်း ဖုန်း-၀၁-၆၆၆၀၉၈၊ ဦးကျော်စိုး ဖုန်း-၀၉-၅၁-၄၂၃၆၇၊ ၀၂-၆၄၈၆၁၊ ဦးချိုဝင်းလှိုင် ဖုန်း-၀၉-၅၁-၃၄၆၀၉၊ ဦးအောင်နိုင်ဝင်း ဖုန်း-၀၈၁-၆၀၃၄၄၊ ဦးစိုင်းလိုင်းလိန် ဖုန်း-၀၉-၅၂-၁၂၆၄၅၊ ဦးအောင်မော် ဖုန်း-၀၉-၅၁-၂၈၀၁၅။

ပျောက်ဆုံးခြင်း

ကျွန်တော်အောင်နိုင်ဦး C.D.C-၅၇၂၅၄ ၏ 4 Ticket လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၅၆-၂၁၄၅၂။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇)နှင့် (၈) မြေကွက်အမှတ်(L.11)၊ ဧရိယာ၁၄၇၅၀၊ စ/ပေခန့်ရှိ နှစ် ၆၀ဂရန်မြေ အမျိုးအစားနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိပိုင်ရှင် ဦးတင်မောင်ဝင်း ၁၂/လမတ(နိုင်) ၀၁၅၉၅၄ထံမှ ကျွန်ုပ်၏ မိတ်ဆွေသည် ဝယ်ယူရန် တန်ဖိုးငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိသူများသည် ခိုင်လုံသော အထောက်အထားများနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးချစ်လွင်(ADVOCATE)

B.Com (A.A) D.E.P., R.L

တရားရုံးချုပ်ရှေ့နေ (၂၈၅၉)

အမှတ် ၁၉၊ ၁၂၇လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊

ဖုန်း-၂၉၇၈၃၀။

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း

ချိပ်ပိတ်တင်ဒါ(Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းမှ အောက်ပါပစ္စည်းကို မြန်မာကျပ်ငွေ(Kyats)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)ကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	ဝယ်ယူမည့်ငွေ
1.	12(T)/MTE/Local/2008-2009	Lubricants	1 Lot	Kyats

၂။ ချိပ်ပိတ်တင်ဒါရက်မှာ ၃-၁၀-၂၀၀၈ရက် မွန်းတည့် ၁၂:၀၀နာရီဖြစ်ပြီး တင်ဒါပုံစံများကို ၁၈-၉-၂၀၀၈ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)

ကမ်းနားလမ်းနှင့် အလုံလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၂၂၀၆၈၂၊ ၂၂၀၆၈၃။

မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်း ပြုပြင်မှုလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် စက်တင်ဘာ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၃ ရက်တွင် မော်တော်ယာဉ်များဖြင့် မန္တလေးမြို့ ဧရာဝတီတံတား (ရတနာပုံ)မှတစ်ဆင့် ရွှေဘို-မြစ်ကြီးနားလမ်းတစ်လျှောက် လမ်း-တံတား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၅ ■



အင်အားပြင်း ငလျင်လှုပ်သည့်အခါ မြေလွှာများ ပြတ်ရွေ့သွားပုံ အဆင့်ဆင့်ကို တွေ့ရစဉ်။

မြေငလျင်လှုပ်ရခြင်း အကြောင်းရင်း

လန်ဒန် စက်တင်ဘာ ၁၈

မြေငလျင်သည် လူသားများ၏ အသက်အိုးအိမ်စည်းစိမ်များကို ပျက်စီးဆုံးရှုံးစေနိုင်သည့် သဘာဝအလျောက် ဖြစ်ပေါ်တတ်သော ဘေးအန္တရာယ်ဆိုးကြီးတစ်ခုဖြစ်သည်။

ဗဟိုချက်မ

ကျွန်ုပ်တို့ ကမ္ဘာမြေကြီး၏ ဖွဲ့စည်းတည်ရှိမှုကို လေ့လာကြည့်လျှင် အတွင်း ဗဟိုချက်မအလွှာ(inner core)၊ အပြင်ချော်ရည်ပူအလွှာ (molten outer core)၊ မာကျောသော ကမ္ဘာ့ကြားလွှာ(Solid mantle)နှင့် တင်းမာသည့် ထိပ်အုပ်အပေါ်ယံလွှာ (Crust)တို့ ပါရှိသည်။

ဖွဲ့စည်းတည်ရှိ

အဆိုပါ ထိပ်အုပ်အပေါ်ယံလွှာနှင့် အပေါ်ကမ္ဘာ့ကြားလွှာအပိုင်းကို အအေးဓာတ်ဖြင့် ဖွဲ့စည်းတည်ရှိနေသည်။ ယင်းအအေးလွှာသည် မာကျောသည့်အလွှာဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၄ ✻

သုတသိပွဲ

မြင့်မောင်စိုး
ကိုးကားတင်ပြသည်

စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

မိုးရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ပြည်သူ့ဆန္ဒ ဒို့ဆန္ဒ

✻ တည်ငြိမ်မှု ဒို့လိုလား
ဆူပူမှုများ မလိုချင်။

✻ ဒို့နိုင်ငံ စည်ပင်ကြွားလို့
ဒို့ကိုယ်စီ ဘဝများလည်း
ကြီးပွား စေချင်။

✻ ဥပဒေနဲ့အညီ
လွတ်လပ်စွာ ဘဝရပ်တည်ရင်း
ဒီမိုကရေစီ ပန်းတိုင်စခန်း
အမြန်လှမ်း ရောက်စေချင်
ဒို့လိုအင် ဆန္ဒအစစ်။

✻ ဒါတွေအမှန် တကယ်ပြည့်ရအောင်
လမ်းမှန်စွာ ဦးဆောင်ပြလေတဲ့
မူဝါဒ လမ်းစဉ်(၇)ရပ်
မြတ်နိုးစွဲချစ်။ ။

မန်းသာခိန်(ဖာပွန်)

မြန်မာလိဂ်(အဆင့်မြင့်တန်း) အမှတ်ပေးဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/အခွန်နှင့် စီးပွား/ကူးသန်းအသင်း ပွဲဦးထွက်အနိုင်ရရှိ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၈

၂၀၀၈-၂၀၀၉ ဘောလုံးရာသီမြန်မာလိဂ်(အဆင့်မြင့်တန်း) အမှတ်ပေးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်က အောင်ဆန်းကွင်း၌ စတင်ကျင်းပခဲ့ရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနဲ့ စီးပွား/ကူးသန်းအသင်းတို့ နိုင်ပွဲတွေရရှိသွားကြပြီး ပွဲဦးထွက်သုံးမှတ်အပြည့် ရရှိသွားကြပါတယ်။

၁၇-၉-၂၀၀၈

ဘဏ္ဍာ/အခွန် - နှစ်ဂိုး။
ဆက်သွယ်ရေး - တစ်ဂိုး။

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းအနေနဲ့ ပွဲဦးထွက် သုံးမှတ်အပြည့်ရရှိလို့ ကျေနပ်စရာဖြစ်ခဲ့ပေမယ့် ခြေစွမ်းပိုင်းကတော့ အကောင်းဆုံးအနေအထားမှာ မရှိခဲ့ပါဘူး။ တိုက်စစ်မှူးရန်ပိုင်က လွဲရင် အမာခံကစားသမားအများစု ပါဝင်ခဲ့ပေမယ့် တန်းတက်ဆက်သွယ်ရေးအသင်းကို အသာစီးကနေ မကစားနိုင်ခဲ့ပါဘူး။ ဦးဆောင်ဂိုးစသွင်းနိုင်ပေမယ့် ချေပဂိုးပြန်ပေးခံရပြီး ပွဲပြီးခါနီးငါးမိနစ်အလိုကျမှ စိုးမြတ်မင်း ဂိုးထပ်သွင်းနိုင်ခဲ့လို့ ပွဲဦးထွက် အမှတ်ပြည့်ရရှိခဲ့တာပဲ ဖြစ်ပါတယ်။ ဘဏ္ဍာ/အခွန်အသင်းဟာ ပြီးခဲ့တဲ့ အမှတ်ပေးပြိုင်ပွဲ အဖွင့်ပွဲစဉ်မှာလည်း တန်းတက်

စာမျက်နှာ ၉ ကော်လံ ၅ ●

ဘဏ္ဍာ/အခွန်အသင်းတိုက်စစ်မှူး စိုးမြတ်မင်း ဆက်သွယ်ရေးမှ နေလင်းအောင် တားဆီးကာကွယ်သည့်ကြားမှ ဦးသို့ ဂိုးသွင်းရန် ကြိုးစားခဲ့သည်။ (မြန်မာ့အလင်း)

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် ကျားကလေးသုံးကောင် မွေးဖွား

နေပြည်တော် စက်တင်ဘာ ၁၈

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ မွေးမြူပြသထားသော ကျားဝါပြောက်ကွက်ရှိ ကျားမ နီနီမှ ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကျားကလေးသုံးကောင်အား မွေးဖွားခဲ့ကြောင်း သတင်းရရှိသည်။
(အောက်ပုံ) (သတင်းစဉ်)